# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်၊ သောကြာနေ့။ Friday, 9 September 2022 ၁၀၈၅၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့် တွေ့ဆုံဆွေးနွေး

## FEFU တက္ကသိုလ်တွင် ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်ပညာရပ်များ စေလွှတ်သင်ကြားသွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets နှင့် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်၌ တွေ့ဆုံဆွေးနွေးသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✰





# ကြေးမုံ

## အာရှ-ပစိဖိတ် ဖွံ့ဖြိုးမှုတွင် ပါဝင်ဆောင်ရွက်နိုင်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်တည်ရှိပြီး အရှေ့တောင်အာရှ (အာဆီယံ)အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ အရှေ့တောင်အာရှဒေသသည် ပထဝီဝင်အနေအထားအရ သမုဒ္ဒရာကြီးနှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးသည့် အချက်အချာကျသော ဒေသတွင်တည်ရှိသည်။ အင်ဒို-ပစိဖိတ်ဒေသတွင် အရေးပါသောနေရာမှ ပါဝင်လျက်ရှိပြီး အာရှနိုင်ငံများ၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချိတ်ဆက်ရာတွင် ဗဟိုချက်သည် ရုရှားနိုင်ငံဖြစ်လာခဲ့သည်။ အဆိုပါချိတ်ဆက်မှုတွင် မြန်မာနိုင်ငံသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများရရှိလာသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၌ အရင်းအမြစ်ကောင်းများစွာရှိသည်။ စိုက်ပျိုးမြေနှင့် သဘာဝသစ်တောဧရိယာများ၊ သဘာဝမြစ်ချောင်းအင်းအိုင် ပင်လယ်ကမ်းရိုးတန်းများ ပေါများပြည့်စုံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း စိုက်ပျိုးမြေစုစုပေါင်း ဟက်တာ ၁၃ သန်းကျော်ရှိပြီး ဆန်၊ ပဲနှင့် ပြောင်းတို့ကို အဓိကတင်ပို့သည့်နိုင်ငံဖြစ်သည်။ ရေအရင်းအမြစ်များစွာရှိသဖြင့် စပါး၊ ပဲမျိုးစုံ၊ ပြောင်းအပြင် နှမ်းနှင့် ဝါသီးနှံတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိသည်။ အဆိုပါ အခြေခံကောင်းများရှိသော်လည်း နည်းပညာ၊ သွင်းအားစုလိုအပ်ချက်များရှိ၍ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက် သတ်မှတ်ထားရှိပြီး လုပ်ကွက်ရှစ်ကွက်မှာ သဘာဝဓာတ်ငွေ့များ တွေ့ရှိတူးဖော်ပြီး ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိတွင် ဘင်္ဂလားပင်လယ်အော်၌ သဘာဝဓာတ်ငွေ့ နှစ်ထရီလီယံကုဗပေကျော် တွေ့ရှိထားပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည်ဖြစ်သည်။ အလားတူ ယင်းထက်ကြီးမားသည့်သဘာဝဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်မည့်အလားအလာများ တွေ့ရှိထားသည်။ ထို့ကြောင့် နောင်လာမည့် သုံးနှစ်အတွင်း မြန်မာနိုင်ငံ၌ သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း မပြုရသေးသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ များစွာကျန်ရှိသေးသည်။ အလားတူ ကြေးနီ၊ သံ၊ ခဲမဖြူ အဖြိုက်နက်စသည့် သဘာဝသတ္တုများ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည့် ထုတ်လုပ်မှုများရှိပြီး အလားအလာကောင်းများစွာရှိသည်။ အဆိုပါ သဘာဝအခြေခံကောင်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် ကမ္ဘာ့နိုင်ငံများသို့ အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ဖိတ်ခေါ်အသိပေးခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ဓာတ်မြေသြဇာ၊ စက်သုံးဆီနှင့် အခြားသော ရေနံထွက်ပစ္စည်းများကို ရုရှားနိုင်ငံမှ တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။ ဖိုရမ်သို့တက်ရောက်လာကြသော အာရှ-ပစိဖိတ်ဒေသမှ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရော်ဘာအခြေခံစက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့်ဘဏ္ဍာရေးကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍများတွင် အလားအလာကောင်းများစွာရှိသဖြင့် လက်တွဲဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ယခုကျင်းပပြုလုပ်လျက်ရှိသည့် ဖိုရမ်နှင့် အလားတူအစီအစဉ်များသည် ယူရေးရှားဒေသတွင်း မိတ်ဖက်နိုင်ငံများအကြား ဆက်ဆံရေးအား ပိုမိုကောင်းမွန်စေရန် ပံ့ပိုးပေးလျက်ရှိပြီး ဒေသတွင်းနိုင်ငံများကြားတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်နိုင်ငံများပြုလုပ်ခြင်းဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံ ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းများရရှိလာပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရှေ့ပိုင်းဒေသအား အနောက်နိုင်ငံများ၏ လွှမ်းမိုးမှုကို တွန်းလှန်နိုင်မည်ဖြစ်သည်။ အာရှဒေသတွင်းနိုင်ငံများအကြား ကောင်းမွန်ခိုင်မာသည့် ဆက်ဆံရေးအား တည်ထောင်နိုင်ခြင်းဖြင့် ဆက်ဆံရေးလမ်းကြောင်းသစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အာရှ-ပစိဖိတ်ဒေသနိုင်ငံများအချင်းချင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ဆောင်ရွက်ပြီး ရင်းနှီးချစ်ကြည် ထိတွေ့ဆက်ဆံဆောင်ရွက်နိုင်မှုကြောင့် အာရှ-ပစိဖိတ်ဒေသ ပထဝီနိုင်ငံရေးတည်ငြိမ်မှုကို ပိုမိုခိုင်မာအားကောင်းလာစေပြီး အထူးသဖြင့် ရုရှားနိုင်ငံနှင့် မိတ်ဆွေညီအစ်ကိုနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်သဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်လာပြီဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပုတောမြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

ပုတော စက်တင်ဘာ ၈



ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများ ဦးဆောင်၍ ပုတောမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဝါတွင်းကာလ သီတင်းသုံး ဝါဆိုဝါကပ်တော်မူကြသော ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ယနေ့ နံနက် ၇ နာရီတွင် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပူဇော်ခဲ့ကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်း စုစုပေါင်း ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းမှ ကျောင်းထိုင်ဆရာတော်များ၊ ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများ အပါအဝင် စုစုပေါင်း အပါး ၁၅၀ တို့ကို ပင့်ဖိတ်၍ ရွှေမြင်တင် ဘုရားရင်ပြင်တော်ပေါ်၌ စုရပ်ပြုလုပ်ပြီး ပုတောမြို့ တောင်ပိုင်းနှင့် မြောက်ပိုင်း ရပ်ကွက်ရှိ ယုဇနလမ်း၊ ပိတောက်ရွှေဝါလမ်း၊ မဥ္ဇူလမ်း၊ ယင်းမာလမ်းနှင့် မဂ္ဂင်လမ်းမကြီး တစ်လျှောက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၃,၉၀၈ | ၄၁,၀၃၄,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၇၅၀ | ၉,၄၀၉ | ၃၅,၄၈၁,၁၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၈၅ | ၆၇၉,၉၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၁၆ | ၃၈၄,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၈၀၀ | ၃,၀၂၇ | ၈,၄၃၀,၁၅၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၃၉၀ | ၁,၁၃၁,၀၀၀ |
| AMATA | ၅,၂၀၀ | ၅,၄၀၀ | ၆၉၁ | ၃,၇၀၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၀၂.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၈၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၇၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၅၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၃.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၄.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၁.၇၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲနှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako နှင့် Republic of Buryatia အစိုးရအဖွဲ့ အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campusအတွင်း၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံခဲ့ပြီး အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့တက်ရောက်ကြပြီး Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Primorsky ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး၊ ပို့ကုန်၊ သွင်းကုန် ကဏ္ဍမြင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ Primorsky ဒေသ ဗလာဒီဗော့စတော့ခ်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် Business Centre ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် Primorsky ဒေသအစိုးရအဖွဲ့မှလည်း ဝမ်းမြောက်စွာကြိုဆိုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများ ပညာရပ်ပေါင်းစုံတွင် လာရောက်သင်ကြားနိုင်ရေးနှင့် ရောက်ရှိလာမည့် ကျောင်းသား ကျောင်းသူများကိုလည်း ဒေသအစိုးရအဖွဲ့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ Primorsky ဒေသတွင် ဆောင်ရွက်လျက်ရှိသည့် Children Camp ကဲ့သို့ လူငယ်များအချင်းချင်း ပညာရပ်များ၊ အသိအမြင်များ၊ အတွေ့အကြုံများကို

စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

**❖ Primorsky ဒေသတွင် ဆောင်ရွက်လျက်ရှိသည့် Children Camp ကဲ့သို့ လူငယ်များအချင်းချင်း ပညာရပ်များ၊ အသိအမြင်များ၊ အတွေ့အကြုံများကို ဖလှယ်သည့် အစီအစဉ်များ၌ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ ပါဝင်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် Primorsky ဒေသသို့ လာရောက်လေ့လာစေလိုသည့် အခြေအနေများနှင့် တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီးဆင်းနိုင်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြရာ ဒေသရိုးရာ အကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

★ စာမျက်နှာ ၃ မှ

ဖလှယ်သည့်အစီအစဉ်များ၌ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များပါဝင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် Primorsky ဒေသသို့ လာရောက်လေ့လာစေလိုသည့် အခြေအနေများနှင့် တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီးဆင်းနိုင်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum-2022)၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များက ဒေသရိုးရာအကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Republic of Buryatia ပြည်နယ်ပြခန်းအတွင်း ပြသထားသည့် ရိုးရာအထည်အလိပ်၊ စက်မှု၊ လက်မှု အနုပညာပြကွက်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းအနုပညာပြကွက်၊ ရဟတ်ယာဉ်ထုတ်လုပ်မှုဆိုင်ရာပြကွက်၊ ပန်းချီပြကွက်၊ ခေတ်မီစက်မှုနည်းပညာများဖြင့် ပေါင်းစပ်ထားသည့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာပြကွက်၊ ရိုးရာကျန်းမာရေးဆိုင်ရာပြကွက်၊ သဘာဝသယံဇာတတူးဖော်မှုဆိုင်ရာ ပြကွက်တို့ကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ အသေးစိတ်လေ့လာခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ Buryatia ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲနှင့် ပြကွက်အလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ တွေ့ဆုံဆွေးနွေးစဉ်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ Republic of Buryatia ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့်အဖွဲ့ဝင်များသည် ပြခန်း ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုကဲ့သို့ Buryatia ဒေသ၏ ပြခန်းများကို လိုက်လံပြသခွင့်ရသည့်အတွက် ဝမ်းမြောက်မိပြီး ၎င်းတို့ဒေသ၏ ရိုးရာယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိနိုင်မည့်အခြေအနေများ၊ Buryatia ဒေသမှ သဘာဝသယံဇာတများ ပေါကြွယ်ဝစွာထွက်ရှိမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Buryatia ဒေသသို့ လာရောက်လေ့လာချိန်တွင်လည်း ဒေသ၏တိုးတက်မှုများကို လိုက်လံရှင်းလင်းပြသသွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသထွက်ကုန်နှင့် ထုတ်ကုန်များကို အရည်အသွေးမြင့်ပို့ကုန်ပစ္စည်းများအဖြစ် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်တို့အကြား စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ Buryatia ပြည်နယ်သို့ ရောက်ရှိလေ့လာချိန်တွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းအတွင်း လေ့လာကြည့်ရှုကြစဉ်။

**❖ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသထွက်ကုန်နှင့်ထုတ်ကုန်များကို အရည်အသွေးမြင့် ပို့ကုန်ပစ္စည်းများအဖြစ် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်တို့အကြား စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ Buryatia ပြည်နယ်သို့ ရောက်ရှိလေ့လာချိန်တွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

သတင်းစဉ်

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ကြပြီး (FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ် Mr. Evgeny E. VLASOV၊ တက္ကသိုလ်ဌာန အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Far Eastern Federal University(FEFU)တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသားများ လာရောက်တက်ရောက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်သင်ကြားနိုင်ရေးကိုလည်း ဝမ်းမြောက်စွာ ကြိုဆိုသည့် အခြေအနေများ၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကျင်းပစဉ် **"စားနပ်ရိက္ခာလုံခြုံရေး (Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ"** ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဆွေးနွေးပြောကြားခဲ့မှုအပေါ် FEFU တက္ကသိုလ် ပါမောက္ခချုပ်အနေဖြင့် သုံးသပ်ထင်မြင်မှုများနှင့် စားနပ်ရိက္ခာလုံခြုံရေးကဏ္ဍ၏ အရေးပါမှုကို သတိပြုမိခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ ရုရှားနိုင်ငံ၏ အနောက်ဘက်ပိုင်းရှိ တက္ကသိုလ်အများအပြားတွင် အဆင့်မြင့်ပညာများကို သင်ယူလျက်ရှိသည့် အခြေအနေများနှင့် FEFU တက္ကသိုလ်တွင် ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်ပညာရပ်များ စေလွှတ်သင်ကြားသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ကူးလူးဆက်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် ပညာရေးကဏ္ဍတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အစဉ်အဆက်တိုးမြှင့်လာနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက တက္ကသိုလ်မှ စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ FEFU တက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)တို့အကြား သဘောတူညီမှုတစ်ရပ်ကို မကြာမီ လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Far Eastern Federal University(FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် FEFU တက္ကသိုလ်ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**ပို့ချပေးလျက်ရှိ**

အဆိုပါ Far Eastern Federal University (FEFU) တက္ကသိုလ်ကို ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၂၃ နှစ် သက်တမ်းကြာမြင့်ပြီဖြစ်သည့် တက္ကသိုလ်ကြီး တစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်တွင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာပညာရပ်များ၊ စီးပွားရေးဆိုင်ရာပညာရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ ပညာရေးဆိုင်ရာ ပညာရပ်များ၊ အင်ဂျင်နီယာဆိုင်ရာ ပညာရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပညာရပ်များ၊ ဥပဒေဆိုင်ရာ ပညာရပ်များ၊ ဆေးပညာရပ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရပ်များကို ပို့ချပေးလျက်ရှိကြောင်း၊ အဆိုပါ တက္ကသိုလ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးနှင့် သိပ္ပံဝန်ထမ်းဌာန၏ လက်အောက်တွင်ရှိကာ ကျောင်းသားပေါင်း ၄၁၀၀၀ ခန့်ရှိကြောင်းသိရှိရပြီး နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ပညာတော်သင် သင်တန်းသားများ စေလွှတ်နိုင်မည့် အခြေအနေများအပါအဝင် တက္ကသိုလ်အချင်းချင်း ဘာသာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးမြှင့်တင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ






**မန္တလေး စက်တင်ဘာ ၈**

၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက ပညာသည်သာ ရတနာ သီချင်းဖြင့် ဖွင့်လှစ်ခဲ့သည်။

**အားလုံးနှင့် သက်ဆိုင်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၁ ရာစုကာလသည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့ဖြင့် လူ့ဘောင်သစ်ကို တည်ထောင်နေကြသည့် ကာလတွင် လူတိုင်း စာတတ်မြောက်ရေးသည် အရေးကြီးကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့ပြည်သူများ စာတတ်မြောက်မှုများ ဖြစ်လာအောင် ၁၉၆၅ ခုနှစ် စက်တင်ဘာလတွင် အီရန်နိုင်ငံ တီဟီရန်မြို့တွင် နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရှင်များ စုံညီစွာတက်ရောက်သည့် ကမ္ဘာ့စာတတ်မြောက်မှု ကွန်ကရက်တစ်ခုကို ကျင်းပခဲ့ပြီး စာမတတ်သူ ပပျောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အဖြေရှာခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၁၉၆၄ ခုနှစ်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း သက်ကြီးစာမတတ်သူ ပပျောက်ရေးအတွက် စာမတတ်သူဦးရေ ရာခိုင်နှုန်းများသည့် မြို့နယ်များတွင် အသုံးလုံး သင်တန်းများကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လုပ်အားပေးစေတနာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များကိုအလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၁ ရာစု ပညာခေတ်တွင် စာတတ်မြောက်ရေးသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် အရေး၊ အဖတ်အတွက် အသုံးလုံးကျေရုံသာမက အဘက်ဘက်မှ နှံ့စပ်သိမြင်သည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေး အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှု video clip ကို ပြသသည်။

၎င်းနောက် အမှတ်(၈)၊ (၁၆)၊ (၃၀) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက ဝထကလသ သီချင်းဖြင့် တေးသရုပ်ဖော်ကပြခြင်း၊ ကမ္ဘာ့အဆင့်မီ ပညာရည်၊ လူတိုင်းအတွက်ပညာရေးစသည့် တေးသီချင်းများဖြင့် ဖျော်ဖြေပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဗိုလ်တထောင်မြို့နယ်၌ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီနှင့် ကြက်ဥများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၁)ရပ်ကွက် မီးပြဝင်းရှိ ဓမ္မာရုံ၌ ရောင်းချပေးလျက်ရှိသည်။

**ရောင်းချပေး**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှတ်(၁)ရပ်ကွက် ဆိပ်ကမ်းအာဏာပိုင် မီးပြဝင်းမိသားစုများအား ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ ဆီ ၅၀ ကျပ်သား တစ်ဘူးလျှင် ငွေကျပ် ၂၇၅၀ နှင့် ကြက်ဥ တစ်လုံးလျှင် ငွေကျပ် ၁၇၅ ကျပ်ဖြင့် လူတစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံးတို့ကို ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



**စာပေမြင့်မှ လူမျိုးတင့်မည်**

✪ **ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဒေါက်တာ ညွန့်ဖေ၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့် ဦးမျိုးလှိုင်၊ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကျောင်းသူကျောင်းသား အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၆ ရက်အထိ ထိုင်းနိုင်ငံ အူဘွန်းရချဌာနီမြို့တွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအဖွဲ့ဝင်များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ကြောင်း၊ အလားတူ အားကစားဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ကာ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ၊ အရှုံးမပေးသည့် စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုး၏ ခိုင်မာသည့်စိတ်ဓာတ်များကို ဖော်ပြရာလည်း ရောက်သည့်အတွက် ကမ္ဘာ့နိုင်ငံများတွင် အားကစား အဆင့်အတန်းကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အားကစား ကဏ္ဍသည်လည်း အထူးအရေးပါကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ စွမ်းရည်ဉာဏ်ပညာကို အသုံးပြုယှဉ်ပြိုင် အောင်ပွဲဆင်နိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်း။

ထို့အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်းများတွင် အားကစားသမားအချင်းချင်း အပြန်အလှန်လေးစားမှု၊ ချစ်ခင်ညီညွတ်မှု၊ ကူညီရိုင်းပင်းမှုတို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး တရားသဖြင့် အောင်နိုင်ရေးကို ဦးတည်သည့် အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်ကို သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာတက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားအဖွဲ့ဝင် မောင်မယ်အားလုံး ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများရရှိခဲ့ကြခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စနစ်တကျ အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

တစ်နည်းအားဖြင့် မိမိနိုင်ငံပြည်သူပြည်သားများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်ကို ထုတ်ဖော်ပြသနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**အားပေးမြှင့်တင်**

မည်သည့် အားကစားမဆို ချက်ချင်းမွေးယူ၊ ချက်ချင်း ကြီးထွား တိုးတက်အောင် ဆောင်ရွက်၍ရသော အရာမဟုတ်ကြောင်း၊ ထို့ကြောင့် ကာယစွမ်းအားသာမက စိတ်ဓာတ်စွမ်းအားနှင့် ဉာဏစွမ်းအားများ မြင့်မားစေခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ပိုမိုတိုးတက်လာစေရန်အားကစားကို အားပေးမြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အားကစားကောင်းမှ ပညာကောင်းမည်ဖြစ်ပြီး ပညာကောင်းမှ နိုင်ငံတိုးတက်မည်ဖြစ်သည့်အတွက် ပညာတတ်သော၊ စိတ်ဓာတ်စည်းကမ်းကြံ့ခိုင်သော လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍကို ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးအတွက် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာရေးနှင့် အားကစားပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကာယဆရာ ဆရာမများအတွက် သင်တန်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင်လည်း B.Sc(Sports)ဘွဲ့ သင်တန်းကိုလည်း ပူးပေါင်းသင်ကြားပို့ချလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝူရှူးအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်က အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသည့် မြန်မာနိုင်ငံတက္ကသိုလ် အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**ခန့်အပ်ပေးထား**

အလားတူတက္ကသိုလ်ကောလိပ်များနှင့် စာသင်ကျောင်းများတွင်လည်း အားကစားနည်းပြများ၊ ကာယဆရာများ ခန့်အပ်ပေးထားကာ ပညာရေးကို အားကစားကဏ္ဍနှင့် ပေါင်းစပ်မြှင့်တင်ရင်း မျိုးဆက်သစ် ပညာတတ်လူငယ်လူရွယ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရေးအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကို ပိုမိုအားထုတ်တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးနှင့် စိတ်ဓာတ်ကောင်းမွန်သော မျိုးဆက်သစ် လူငယ်လူရွယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်အားကစားပြိုင်ပွဲများကို လေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပသည့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲဖြစ်သော ၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဂေါက်ဖ်နှင့် ပြေးခုန်ပစ်အားကစားနည်းများတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၆၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် တင်းနစ်အားကစားနည်းများတွင် ကြေးတံဆိပ် တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း။

ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပိုက်ကျော်ခြင်း အားကစားနည်းတွင် ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း။

တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဝူရှူးနှင့် ကရာတေးဒိုတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ငါးခု၊ ပိုက်ကျော်ခြင်းတွင် ကြေးတံဆိပ် နှစ်ခုနှင့် ပြေးခုန်ပစ်အားကစားနည်းတွင် ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း။

စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၆ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၃၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပိုက်ကျော်ခြင်းအားကစားနည်းတွင် ငွေတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း။

**အဆင့်(၄)တွင် ရပ်တည်နိုင်**

၂၀၁၈ ခုနှစ်တွင် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့ကြောင်း၊ ကျင်းပခဲ့သည့်အားကစားနည်းတိုင်းတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ အားကစားသမား ၃၅၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၂၉ ခု တို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့ကြောင်း။

ယခု ၂၀၂၂ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၃ မျိုး ပါဝင်သော်လည်း မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့မှ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု လွန်မြောက်ကာလဖြစ်၍ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူးနှင့် မြားပစ်အားကစားနည်း လေးမျိုးတွင်သာ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစား စွမ်းဆောင်ရည် မြင့်မားမှု၊ စံချိန်စံညွှန်း ကောင်းမွန်မှု စသည့်အချက်များ ပြည့်ဝခိုင်မာစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် စုစုပေါင်း ရွှေတံဆိပ်ဆု နှစ်ခု၊ ငွေတံဆိပ်ဆု နှစ်ခုနှင့် ကြေးတံဆိပ်ဆု နှစ်ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း။

စာမျက်နှာ ၇ သို့ »»

»»» စာမျက်နှာ ၆ မှ

ထိုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အားကစားသမားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၀၀ နှုန်း၊ နည်းပြတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီ တို့အား နိုင်ငံတော်ဝန်ကြီးချုပ်မှ ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း။

**ရွှေတံဆိပ်ရရှိခဲ့သူ ကျပ် ၇၅ သိန်း**

ယခု ဂုဏ်ပြုချီးမြှင့်ပွဲတွင်လည်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် ၇၅ သိန်း၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် ၂၅ သိန်းစီ ချီးမြှင့်ပေးမည့်အပြင် အဖွဲ့လိုက်ပြိုင်ပွဲဖြစ်သည့်ဘောလုံးအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမားများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် အုပ်ချုပ်သူများကို ရွှေတံဆိပ်အတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီ၊ ငွေတံဆိပ်အတွက် ငွေကျပ် ၁၅ သိန်းစီ၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ ဝူရှူးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဘောလုံးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ကြေးတံဆိပ်အတွက် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် စုစုပေါင်း ငွေကျပ် **၅၅၅ သိန်း**ကို ယနေ့ အခမ်းအနားတွင် လက်ရောက်ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

တက္ကသိုလ် အားကစားသမားများသည် သတ်မှတ်ထားသည့် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကိုသာမက နည်းပြဆရာများ၏ လမ်းညွှန်မှုများကို လိုက်နာခဲ့ကြပြီး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ရွှေ၊ ငွေနှင့် ကြေးဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းနှင့် နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်ရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဝူရှူးအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါ်အေးနုစိန်က ဝူရှူးအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ တစ်ဦးနှင့် ကြေးတံဆိပ်ရရှိသည့် မြန်မာနိုင်ငံတက္ကသိုလ် အမျိုးသားဘောလုံးအသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ဝူရှူးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဘောလုံးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မအေးသစ္စာမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီရုံး နေပြည်တော်တွင် ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီရုံးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိ အဆိုပါရုံးအဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦးနှင့် ကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဩဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီရုံးကို နေပြည်တော်တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ဖုန်း-၀၉ ၈၈၃၉၀၀၀၀၁၊ ၀၉ ၉၄၆၉၀၀၀၀၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဌေးနိုင်**

# နေပြည်တော်၌ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၅၀၀ ဖြင့် ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးဆီကို သက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြင့် နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချနေမှုကို နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ရဲမှူးကြီးကိုကိုလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

“ဒီနေ့မှာ ရွှေကြာပင်ရပ်ကွက်မှာရှိတဲ့ စားသုံးသူပြည်သူတွေအတွက် ပိဿာချိန် ၁၃၂၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ နှုန်းနဲ့ လက်ဝယ်အရောက် ရောင်းချပေးတာဖြစ်ပါတယ်”ဟု နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကိုထက်က ပြောသည်။

နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် ယခင်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများကို အလှည့်ကျရောင်းချပေးခဲ့သော်လည်း အမှန်တကယ် စားသုံးသည့် ပြည်သူများထံ တိုက်ရိုက်မရောက်ရှိသည့်အတွက် ယခုကဲ့သို့ ရပ်ကွက်၊ ကျေးရွာများသို့ ဈေးကားများဖြင့် လက်ဝယ်အရောက် တိုက်ရိုက်လာရောက်ရောင်းချပေးခြင်းဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျန်ရှိသည့် ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်များ၊ ကျေးရွာများကိုလည်း သက်သာသောဈေးနှုန်းဖြင့် ထပ်မံလှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ အောက်တိုဘာလတွင် စတင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနေရှင်နယ်လိဂ်က တာဝန်ယူကျင်းပမည့် ၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို အောက်တိုဘာလတွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၈-၂၀၁၉ ရာသီ ကျင်းပပြီးနောက်ပိုင်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ ယခုနှစ်မှသာ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းခုနစ်သင်းသို့မဟုတ် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်များကို သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)နှင့် M-3 မြက်ခင်းတုလေ့ကျင့်ရေးကွင်းတို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများကို ပွဲစဉ်ထုတ်ပြန်သည့်အချိန်မှသာ တစ်ပေါင်းတည်း ထုတ်ပြန်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အမျိုးသမီးလက်ရွေးစင်အသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီ ကျင်းပပြီး နောက်ပိုင်းနှစ်များတွင် မကျင်းပနိုင်ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် သုံးရာသီအနက် ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း ဗိုလ်စွဲပြီး ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာ သိပ္ပံအသင်းက ဗိုလ်စွဲထားသည်။

**ကိုညီလေး**

# မိသားစုများအတွင်း ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အထူးဦးစားပေးဆောင်ရွက်ကြရမည်

## လူမှုကွန်ရက်များအသုံးပြုကာ သတင်းမှားများနှင့် ကောလာဟလထုတ်လွှင့်နေမှုများ၊ သွေးခွဲလှုံ့ဆော်နေမှုများကို ဂရုပြုဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၏ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆန္ဒဖော်ထုတ်တင်ပြစေပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိသားစုများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။




**မိမိတပ်ဖွဲ့အပေါ်သစ္စာစောင့်သိရန်လို**

ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွင်း အကြမ်းဖက်လှုပ်ရှားသူများ၏ နည်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်နေမှုအခြေအနေ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အကြောင်းမဲ့စွပ်စွဲသတ်ဖြတ်ခြင်းနှင့် ခြားပြတိုက်လုယက်မှုဖြစ်စဉ်များအားချပြပြီး လုံခြုံရေးဂရုပြုဆောင်ရွက်ရေးနှင့် မိမိတပ်ဖွဲ့အပေါ် သစ္စာစောင့်သိရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းဖြစ်ပွားခဲ့သည့် နယ်စပ်ဒေသမှတ်တိုင်စခန်းတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ၏ ရွပ်ရွပ်ချွံချွံခုခံတိုက်ခိုက်နိုင်မှုကြောင့် လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် မိမိတို့စခန်းအား အလွယ်တကူ မသိမ်းပိုက်နိုင်ဘဲ ရက်ပေါင်းအတန်ကြာ တိုက်ခိုက်ခဲ့ရပြီး မိမိတို့တပ်ဖွဲ့ဝင်များ နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့မှုဖြစ်စဉ်အပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပညာရေးနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရမှာဖြစ်ပြီး မိသားစုများအတွင်း ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အထူးဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိသားစုများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်ရမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်များအသုံးပြုကာ သတင်းမှားများနှင့် ကောလာဟလထုတ်လွှင့်နေမှုများ၊ သွေးခွဲလှုံ့ဆော်နေမှုများကို ဂရုပြုဆောင်ရွက်ကြပြီး သတင်းအမှန်ကို သိရှိနိုင်ရေး တာဝန်ရှိသူများက ရှင်းလင်းတုံ့ပြန် အသိပေးနေရမည်ဖြစ်ကြောင်း အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နယ်မြေခံရဲလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး သင်တန်းကျောင်းစားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ကာ လေ့ကျင့်ရေးကျောင်းရှိသင်တန်းခန်းမနှင့် စာသင်ဆောင်များ နေရာချထားမှု၊ အိပ်ဆောင်ခင်းကျင်းထားရှိမှု၊ အားကစားခန်းမနှင့် ရေနှင့်မီးလျှပ် ရရှိသုံးစွဲမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နေအိမ်လိုင်းခန်းအဆောက်အအုံ နေရာချထားမှုနှင့် လိုအပ်ချက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့်တွေ့ဆုံ၍ အခက်အခဲများကို မေးမြန်းဖြည့်ဆည်းကာ ထောက်ပံ့ငွေများပေးအပ်သည်။

စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ရဲအရာရှိအတတ်သင်ကျောင်းသို့ရောက်ရှိပြီး သင်တန်းသားအရာရှိများနှင့်အတူ နေ့လယ်စာစားသုံးပြီး သင်တန်းကျောင်းမှ မိသားစုဝင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး သင်တန်းကျောင်းဧည့်ခန်းမဆောင်၊ အားကစားခန်းမနှင့် နေအိမ်လိုင်းခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား ဗဟိုပြုလေ့ကျင့်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကဏ္ဍ အောင်မြင်ရေးအတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆောင်ပုဒ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် ကျောင်းစာကြည့်တိုက်များကို တန်ဖိုးရှိအောင်အသုံးချပြီး သင်တန်းအချိန်ဇယားများတွင် စာကြည့်တိုက်အချိန်ကို သီးခြားထည့်သွင်းသတ်မှတ်ရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေး စဉ်ဆက်မပြတ်လေ့ကျင့်ဆောင်ရွက်ပြီး လုံခြုံရေးတာဝန်ကို တပ်မတော်နှင့် ပူးတွဲထမ်းဆောင်ရာတွင် စိတ်ဓာတ်မြှင့်တင်ရေးဆောင်ရွက်ရန်တို့နှင့် ပတ်သက်၍ အသေးစိတ်မှာကြားခဲ့ကာ သင်တန်းကျောင်းရှိ စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေသုတေသနများ အားကောင်းလာခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအတွက် မှန်ကန်သော ဥပဒေအတွေးအမြင် ဗဟုသုတများ ပေါ်ထွက်လာမည်

နေပြည်တော် စက်တင်ဘာ ၈

ဥပဒေ သုတေသနအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်**

အစည်းအဝေး၌ မြန်မာနိုင်ငံတွင် ဥပဒေသုတေသန (Legal Research) များ အားကောင်းရန် လိုအပ်ကြောင်း၊ သို့မှသာ တရားဥပဒေစိုးမိုးရေးအတွက် မှန်ကန်သော ဥပဒေအတွေးအမြင် ဗဟုသုတများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေသုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာရည်မှန်းချက်အဖြစ်ထားရှိပြီး ၂၀၁၆ ခုနှစ်ကပင် စတင်ခဲ့ရာ ယခုအခါ အဖွဲ့ဝင် ၇၁ ဦးဖြင့် ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စာတမ်းများပြုစုပြီးလျှင် စုစည်း၍ သုတေသနဂျာနယ်များ၊ စာတမ်းပေါင်းချုပ်များ ထွက်ရှိမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုရှိသည့် ဥပဒေပြဿနာများကို ဦးစားပေးလေ့လာသုတေသန ပြုသင့်ကြောင်း၊ ယခုအခါ ပထမအကျော့ရေးသားထားသော စာတမ်းများ ပြီးစီးပြီဟု သိရှိရကြောင်း၊ ဥပဒေသုတေသနအဖွဲ့အတွက် စံလုပ်ငန်းစဉ် ပြုစုပြီးလည်းဖြစ်ကြောင်း၊ ဥပဒေသုတေသနလုပ်ငန်း အဖွဲ့အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနကို ပြည်သူများ ယုံကြည်ကိုးစားပြီး အားကိုးရသည့် စံပြအဖွဲ့အစည်းတစ်ခု ဖြစ်စေရေး၊ အရည်အသွေးပြည့်ဝသော ဥပဒေရေးရာဝန်ဆောင်မှုများ ပေးနိုင်ရေး၊ တရားဥပဒေစိုးမိုးရေး တိုးတက်အားကောင်းလာစေရေး၊ တရားမျှတမှုကို ပြည်သူအားလုံး လက်လှမ်းမီစေရေး၊ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော ဥပဒေအရာရှိများဖြစ်စေရေးအတွက် အထောက်အပံ့ပြုနိုင်မည့် ဥပဒေသုတေသနစာတမ်းများပြုစုရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက ပြောကြားသည်။



အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဥပဒေသုတေသနအဖွဲ့၏ လုပ်ငန်းအဖွဲ့ဝင်များနှင့် ဥပဒေသုတေသန ဌာနစိတ်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး စက်တင်ဘာ ၈

ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်



ဌာနဆိုင်ရာ ၂၅ ဌာနပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ကင်းပိုင်ကျုံကျေးရွာသို့ ကွင်းဆင်း၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စစ်ကြောင်းအဖွဲ့(၁) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေစိုးမိုးရေးစစ်ကြောင်းသည် ကျေးရွာပြည်သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အား ရှင်းလင်းဆွေးနွေးခြင်း၊ ကျေးရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ ရှင်းလင်းခြင်း၊ စစ်ကြောင်းအမှတ်(၂) အုပ်ချုပ်ရေးစစ်ကြောင်းသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် တွေ့ဆုံ၍ မိမိကျေးရွာ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခြင်း၊ စစ်ကြောင်းအမှတ် (၃) လူမှုရေးစစ်ကြောင်းသည် စာသင်ကျောင်းများသို့သွားရောက်၍ ကျောင်း၏လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသော ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ စစ်ကြောင်းအမှတ်(၄) စည်းရုံးရေးစစ်ကြောင်းသည် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ စစ်ကြောင်းအမှတ်(၅) ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းသည် ကျေးရွာပြည်သူများတင်ပြသည့် ဂုံမင်းစမ်း-ကင်းပိုင်ကျုံ-ကျောက်တန်း ကျေးရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းအဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများအပါအဝင် အသိုက်အဝန်းများ၏ လူနေမှုဘဝ အမှန်တကယ် အဆင်ပြေချောမွေ့စေရေးအတွက် လက်တွေ့တွင် လုပ်ဆောင်ပေးရန်အရေးကြီး

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ လေးခုကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရန်ကိစ္စရပ်များကို ဆောင်ရွက်နေကြောင်း၊ တိုးတက်မှုရလဒ်များကို နိုင်ငံတကာသို့ ပြသနိုင်ရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများအပါအဝင် အသိုက်အဝန်းများ၏ လူနေမှုဘဝ အမှန်တကယ် အဆင်ပြေချောမွေ့စေရေးအတွက် လက်တွေ့တွင်လုပ်ဆောင်ပေးရန်အရေးကြီးကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နေရပ်စွန့်ခွာသူများ စိစစ်လက်ခံပြီးနောက် ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ အပါအဝင် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။




ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က သတင်းမှန်ပြန်ကြားရေး၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွက် အကူအညီများကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ရယူရာတွင် မိမိတို့လိုအပ်ချက်နှင့်အညီ ရယူ၍ မြေပြင်တွင် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

**သတင်းစဉ်**

# စာရင်းပညာရှင်များအနေဖြင့် နိုင်ငံတကာစာရင်းပညာရှင်များနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန်အတွက် အရေအတွက်သာမက အရည်အချင်းများ ပြည့်ဝနေစေရန် လိုအပ်

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၂၂–၂၀၂၃ ပညာသင်နှစ်အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant–CPA) (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ် (၄၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီသည် ၁၉၇၂ ခုနှစ်မှစ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် CPA (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ် (၄၅)သည် ယခု ၂၀၂၂ ခုနှစ်တွင် ပြည့်မြောက်မည့် မြန်မာနိုင်ငံစာရင်းကောင်စီ၏ နှစ် ၅၀ ပြည့် ရွှေရတုနှစ်တွင် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းသားများသည် (ပထမပိုင်း) သင်တန်းကို အောင်မြင်ပြီးသူများဖြစ်ရာ စာရင်းပညာရှင်တစ်ဦးအဖြစ်သို့ရောက်ရှိရန် ခရီးတစ်ဝက်သို့ ရောက်နှင့်ပြီဖြစ်၍ လိုရာပန်းတိုင်သို့ ရောက်ရှိစေရန် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community – AEC) မူဘောင်အရ အာဆီယံလက်မှတ်ရစာရင်းပညာရှင်များသည် Audit Service မှအပ စာရင်းပညာဝန်ဆောင်မှုလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများအကြား ဆောင်ရွက်ခွင့်ရရှိနေသည် ဖြစ်ရာ မြန်မာနိုင်ငံ၏ စာရင်းပညာရှင်များအနေဖြင့် နိုင်ငံတကာ စာရင်းပညာရှင်များနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန်အတွက် အရေအတွက်သာမက အရည်အချင်းများ ပြည့်ဝနေစေရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ စာရင်းပညာအရည်အသွေး တောက်ပြောင်တိုးတက်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်သော စာရင်းပညာရှင်များဖြစ်စေရန် သင်တန်းကာလအတွင်း သင်ကြားပို့ချမှုများကို အလေးနက်ထား လေ့လာမှတ်သားပြီး နိုင်ငံတော်က အားထားရသည့် စာရင်းပညာရှင်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ စာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စာရင်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာစံများနှင့်အညီ လိုက်နာဆောင်ရွက်မည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုပေါ်ထွန်းလာစေရေးတို့နှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၃၈) စကားဝါလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev သည် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပထမဦးဆုံး သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၉၂ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များသည် နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံပြုသုခမိန်များ ဖြစ်သည်နှင့်အညီ မိမိတို့၏ အနုပညာစွမ်းအားဖြင့် တိုင်းပြည်တည်ငြိမ်တိုးတက်အောင် ဆက်လက်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးမြို့ရှိ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ချမ်းမြသာစည်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**အသိအမှတ်ပြု**

ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယနေ့အချိန်မှာ မသမာသူအချို့ရဲ့ အဖျက်အမှောင့်လုပ်ရပ် အမျိုးမျိုး ကြုံတွေ့နေရသော်လည်း မန္တလေးမြို့ကြီး အကျည်းတန်အရုပ်မဆိုး ရလေအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြသည့် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးမြို့၏ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ချီးကျူးလေးစားပါကြောင်းနှင့် အသိအမှတ်ပြုပါကြောင်း။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များသည် နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည့်အတွက် နိုင်ငံပြုသုခမိန်များဟု ပြောကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ အနုပညာစွမ်းအားဖြင့် တိုင်းပြည် တည်ငြိမ်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ပေးကြစေလို ပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများသည် မိမိတတ်ကျွမ်းသည့် ပညာဖြင့် တိုင်းပြည်က အားကိုးရသည့် ဆရာဝန်များ၊ သမားတော်ကြီးများ ဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

**ကြိုးစားဆောင်ရွက်ပေးနေ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မန္တလေးမြို့ တည်ငြိမ်အေးချမ်းမှုကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ စိတ်ချမ်းသာမှုနှင့် ဘဝတိုးတက်ရေးအတွက် မိမိတွင်တာဝန်ရှိသည်ဟု ခံယူပြီး ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို နေ့ခင်းပိုင်းက ကျင်းပခဲ့ပြီး ယခုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**လက်ရောက်ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့မတေးဂီတ သက်ကြီးပညာရှင် ငါးဦးအား ဆုများကို လက်ရောက်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များအား လက်ဆောင်ပစ္စည်းများ လက်ရောက်ပေးအပ်ကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ကံစမ်းမဲများ နှိုက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများသည် အတူတကွ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်စဉ် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆင်ကြသည်။

**သွားရောက်ကြည်ညို**

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ၌ တည်ထားကိုးကွယ်လျက်ရှိသည့် သီတဂူ ဆန်ချီစေတီတော်နှင့် သီတဂူ နွေရာသီစံကျောင်းတော်တို့ကို သွားရောက်ကြည်ညိုရာ တည်ဆောက်ရေးတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်တွင် ဗုဒ္ဓအယူဝါဒီတို့က ဘုရား၏ဓာတ်တော် မွေတော်များကို ခိုင်ခံ့လုံခြုံသော ထူပါရုံစေတီတော်ကြီးများ၌ ဌာပနာကြ၏။ ဤသို့ဖြင့် သီရိခေတ္တရာဘုန်းကြီး... မင်း၏ ခေတ်လောက်မှစ၍ ထူပါရုံစေတီတော်ကြီးများသည် အိန္ဒိယနိုင်ငံအလယ်ပိုင်း ဗိုပါးစီရင်စု ဗိုပါးမြို့၏ အရှေ့မြောက် ၂၃ မိုင် အကွာတွင်တည်ရှိသော ရွာကလေးတစ်ရွာဖြစ်သည့် ဆန်ချီရွာ တစ်ဝန်း၌ ပေါ်ထွန်းခဲ့ကြရာ ထို အကြောင်းကိုမှီ၍ ဆန်ချီရွာသည် ရာဇဝင်တွင် ထင်ရှားကျော်စောလာခဲ့သည်။

**၄၀ ရာခိုင်နှုန်းခန့်ပြီးစီး**

ထူပါရုံစေတီတော်ကြီးများကို ဗီတွာမြစ်၏ လက်ဝဲဘက်ကမ်း၊ ပေ ၃၀၀ အမြင့်ရှိသော သဲကျောက်တောင်ကုန်းငယ်တစ်ခုတွင် တည်ထား ဆောက်လုပ်ခဲ့ကြသည်။ ဆန်ချီ တောင်ကုန်းပေါ်၌ကား ထူပါရုံစေတီတော်ကြီးပေါင်း ၁၀ ဆူမျှ ရှိခဲ့လေသည်။ ယင်းတို့အနက် စေတီတော်ကြီးတစ်ဆူမှာ အချင်းအားဖြင့် ၁၀၃ ပေခန့်ရှိ လျက် ဉာဏ်တော်အားဖြင့် ၄၂ ပေခန့်ရှိ၏။ ယင်းကို သီတဂူဆန်ချီစေတီတော်အဖြစ် သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရဦးစီး၍ ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ၌ တည်ထားကိုးကွယ်နေခြင်းဖြစ်ပြီး လက်ရှိတွင် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြင်ဦးလွင်မြို့ရှိ ခရိုင်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ကလေးစာဖတ်ခန်းအတွင်း စာပေလေ့လာဖတ်ရှုနေကြသော ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ခရိုင်နှင့် မြို့နယ်ပြန်/ဆက်ရုံး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်း တည်ဆောက်ရန် လျာထားသည့်မြေနေရာကိုကြည့်ရှုကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြင်ဦးလွင်မြို့ ၃၂ မိုင် အောင်ချမ်းသာကျေးရွာရှိ ဝိပဿီဓမ္မရိပ်သာသို့ ရောက်ရှိပြီး ဆရာတော် အရှင်ပညိန္ဒအား ဖူးမြော်ကြည်ညိုကာ လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လည်းကောင်း၊ ဖြဟ္မစရိယ ဓမ္မဗိမာန်တော်အတွင်း ယောဂီများ တရားအားထုတ်ရန် စီစဉ်ထားသည့် နေရာများအား လည်းကောင်း လှည့်လည်ကြည်ညိုလေ့လာသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၊ စက္ကူကိုဒေါင်၊ စာအုပ်ချုပ်စက်များနှင့် စက္ကူဖြတ်စက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

---

## ကဝမြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်း

**ကဝ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို သံဒင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၀၀၇-င ဦးပိုင်အမှတ်(၁၉/၁၁) ဆင်းသုခစိုက်ကေ ၂၁ ဒသမ ၀၀ ကေအတွင်းမှ သုည ဒသမ ၁၀ ကေတွင် ယမန်နေ့နံနက် ၉ နာရီက စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါး စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရဲကိုကို၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး မိုးစပါးစံကွက် ဆင်းသုခ တစ်ကေလျှင် ၉၅ ဒသမ ၇၆ တင်းနှုန်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းဝင်း(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် ရန်ကင်းစံရာ ကူးတို့ဆိပ်၏ အောက်ဘက်၌ ကမ်းပါးမြေသားနိမ့်ကျမှုဖြစ်ပေါ်နေသောနေရာတွင် အခိုင်အမာကာကွယ်ရေးလုပ်ငန်းများ မဆောင်ရွက်နိုင်မီ ကမ်းပါးပြိုကျမှုသက်သာစေရန် ယာယီကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယာယီကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကမ်းပါးရေရှည်တည်တံ့မည့် အခိုင်အမာကာကွယ်ရေးအတွက် Deep Foundation အမျိုးအစားကို အခြေခံ၍ ဘိုးပိုင်အခြေပြု ကျောက်ပြားကပ်တမံ တည်ဆောက်ရေးအတွက် ဆောင်ရွက်မည့် ဒီဇိုင်းပုံစံများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ညောင်တုန်းမြို့ ကမ်းပြိုမှုအတွက် စိုးရိမ်ရသည့် အခြေအနေမရှိအောင် ရေးဆွဲထားသည့် ဒီဇိုင်းအတိုင်း စံချိန်စံညွှန်း ပြည့်မီအောင်နှင့် ရေရှည်တည်တံ့ခိုင်ခံ့အောင် စနစ်တကျ ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧည့်ရိပ်သာတွင် ဟင်္သာတမြို့ရှိ ဝန်ကြီးဌာနလက်အောက်ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ရုံးဌာနများနှင့် ဝန်ထမ်းလိုင်းခန်းများ သန့်ရှင်းသာယာအောင် ဆောင်ရွက်ရေး၊ မိမိဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင်ကြရေး၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိရှိစွာ တာဝန်ထမ်းဆောင်ကြရေးတို့ကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင် စတုမုခ ထူပါရုံစေတီတော်ကြီးတည်ရှိရာကမ်းပါးအား ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုကာကွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး စေတီတော်မြတ်ကြီးအားရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ငဝန်မြစ် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းရေး ရေလွှဲရေကာနံရံများ တည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်း၊ အခြေထိန်း ဘိုးပိုင်တည်ဆောက်ခြင်း၊ ကမ်းပါးဆင်ခြေလျှောတွင် Geo Bag များ ချခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ပြီး ကမ်းပြိုမှုများမဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။ **သတင်းစဉ်**

# အဂတိကင်းစင်သည့် ဝန်ကြီးဌာနဖြစ်စေရေး မှန်ကန်သည့်စနစ်တည်ဆောက်ရာတွင် ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားနှင့် Public Feedback Programme– PFP နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဝန်ကြီးဌာနတွင်ရှိသည့် ဝန်ထမ်းများအတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားနှင့် နည်းပညာအသုံးပြုမှုသင်တန်းကို နှစ်ရက်တာ ကျင်းပဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အခမ်းအနားနှင့် သင်တန်းမှရရှိလာမည့် အသိပညာ ဗဟုသုတများမှာ မိမိတို့ဝန်ကြီးဌာနတွင်ရှိသည့် ဝန်ထမ်းများကို အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိစေပြီး အဂတိကင်းစင်သည့်ဝန်ကြီးဌာနတစ်ခု ဖြစ်လာစေရန် ခိုင်မာသည့် စနစ်တခုတည်ဆောက်နိုင်ရန် အထောက်အပံ့ပြုမည်ဟု ယုံကြည်မျှော်လင့်ကြောင်းနှင့် အဂတိလိုက်စားခြင်းသည် မိမိ၏ကိုယ်ကျင့်သိက္ခာ၊ မိသားစုအသိုင်းအဝိုင်း ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ပုံရိပ်နှင့်စွမ်းဆောင်မှုကို ကျဆင်းစေပြီး အများပြည်သူ ယုံကြည်မှုနှင့် ပူးပေါင်းပါဝင်မှုလျော့နည်းလာနိုင်ခြင်းကြောင့် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရား လေးပါးဖြစ်သည့် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ စသည့် အဂတိတရားများ ကင်းကင်းနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အခမ်းအနားနှင့် သင်တန်းမှ ပို့ချသည့် အသိပညာ၊ ဗဟုသုတများကို လေ့လာမှတ်သားပြီး အဂတိကင်းစင်သည့် ဝန်ကြီးဌာနဖြစ်စေရေး မှန်ကန်သည့် စနစ်တည်ဆောက်ရာတွင် ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းအစီအစဉ်များကို အားကြိုးမာန်တက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ မဟာဗျူဟာ (၅)နှစ်စီမံကိန်း ရေးဆွဲအတည်ပြုကာ မသန်စွမ်းကဏ္ဍအား ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

လူငယ်များအား ပြုစုပျိုးထောင်ရာတွင် အားကစားနှင့်စည်းရုံး ဆောင်ရွက်သွားရမည်ဖြစ်ပြီး မသန်စွမ်းလူငယ်များကိုလည်း မသန်စွမ်းမှု အမျိုးအစားပေါ် မူတည်၍ သင်ကြားလေ့ကျင့်ခွင့်ရရှိအောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုကြေးငွေများ ထောက်ပံ့ပေးခဲ့ကြောင်း၊ မသန်စွမ်းလူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်းဆုံး ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။

မသန်စွမ်းလူငယ်များ၏ဘဝ မြှင့်တင်ပေးနိုင်ရန်နှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်၍ “မသန်စွမ်းလူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲ အခမ်းအနား” ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ မဟာဗျူဟာ (၅)နှစ် (၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ) စီမံကိန်းရေးဆွဲလျက် အတည်ပြုဆောင်ရွက်ကာ မသန်စွမ်းစာရင်းများ ကောက်ယူ၍ မသန်စွမ်းမှတ်ပုံတင်ပြုလုပ်ပေးပြီး နိုင်ငံတော်အနေဖြင့် မသန်စွမ်းကဏ္ဍအား ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကျောင်းပညာ လွယ်လင့်တကူ သင်ကြားတတ်မြောက်ပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ မသန်စွမ်းလူငယ်များ မသန်စွမ်းမှုအမျိုးအစားပေါ် မူတည်၍ မသန်စွမ်းအားကစားသင်တန်းများ တက်ရောက်လေ့ကျင့်နိုင်ရေး၊ မသန်စွမ်း မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများ ထွက်ပေါ်လာစေရေးတို့ကို ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် မသန်စွမ်းလူငယ်များ စိတ်ခွန်အားများ ရရှိစေရန်အတွက် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများ၏ လေ့ကျင့်မှု၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုများနှင့် နိုင်ငံတော်ကဂုဏ်ပြုဆုကြေးငွေ ချီးမြှင့်ခဲ့မှု Video Clip ကို ပြသပြီး နေပြည်တော် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းက အသင်း၏ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ မသန်စွမ်းသူများ၏ ပညာသင်ကြားမှုဆိုင်ရာ အခက်အခဲများ၊ မသန်စွမ်းသူများကြုံတွေ့ခံစားနေရသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် မသန်စွမ်းသူများကိုယ်စား မသန်စွမ်းလူငယ်တစ်ဦးက ဘဝအာမခံချက်အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် မသန်စွမ်းမှုအမျိုးအစားအဆင့်သတ်မှတ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် အမြန်ဆုံး ကူညီပံ့ပိုးဆောင်ရွက်ညှိနှိုင်းပေးနိုင်ရေး တင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဆွေးနွေးတင်ပြခဲ့မှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံသားတိုင်းကို ပြောင်းလဲလာသောခေတ်စနစ်၏ လိုအပ်ချက်အရ KG+9 ပြီးမြောက်ရေး၊ စိုက်ပျိုးရေးပညာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေး ဦးတည်လုပ်ဆောင်လျက်ရှိ




နေပြည်တော် စက်တင်ဘာ ၈

ကျောင်းပြင်ပရောက် ကလေးသူငယ်များ များပြားနေခြင်း၊ စာမတတ်သူဦးရေ များပြားနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်ကို တွေ့ရကြောင်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းအရအသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်း ရှိကြောင်း။

မြန်မာနိုင်ငံရှိ ၁၅ နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက်လျှော့ချနိုင်ရေးအတွက် အမျိုးသားပညာရေး အထူးစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ အစီအစဉ်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်းစာတတ်မြောက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) တွင် ကျောင်းပြင်ပရောက်ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေးနှင့် စာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေး အစီအစဉ်များကို လုပ်ငန်းအစီအစဉ်များချမှတ်၍ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "သင်ယူမှုဝန်းကျင်များ ချဲ့ထွင်သင်ယူကြပါစို့" ဆောင်ပုဒ်အတိုင်း ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံအတွင်းရှိ အခြေခံမူလတန်းပညာပြီးမြောက်အောင် မသင်ကြားခဲ့ရသော ကျောင်းနေအရွယ်လွန်ကလေးများ၊ စာမတတ်သူ လူငယ်များနှင့်လူကြီးများအတွက် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း။

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)တွင် အခမဲ့ အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းကို ပြောင်းလဲလာသောခေတ်စနစ်၏ လိုအပ်ချက်အရ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းဆင့်ပညာရေး ပြီးမြောက်ရေး၊ စိုက်ပျိုးရေးပညာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေး ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည့်ရွှင်က ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်မှု VIDEO CLIP ကို ပြသသည်။

ယင်းနောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ဝေါမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ဝေါ စက်တင်ဘာ ၈

အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် အလက (ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်သိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး စာပေစေတမန်(စာပေသုခမရင်ပြင်) နာယက စာရေးဆရာဘုန်းဇော်မိုး(ဥဿာ)က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် လူငယ်များအား စာပေဗဟုသုတတိုးပွားစေရန်အတွက် စာပေဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ မိုး/ဇလ

## တိုက်ကြီးမြို့နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

တိုက်ကြီး စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့ ကြရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးဟောပြောပွဲတွင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က စာမတတ်သူများ ကင်းဝေးပြီး စာတတ်ခြင်းဖြင့် အသိပညာဗဟုသုတများကို ရှာဖွေဆည်းပူးနိုင်ရေးအတွက် ကျင်းပရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးဟောပြောပြီး အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး ဒေါ်သိမ်းသိမ်းဖြူက စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် အရေး၊ အဖတ် မြင့်မားတိုးတက်လာစေရေးအတွက် ဖော်ဆောင်ရာတွင် စာတတ်သူများ နားလည်နိုင်စွမ်း၊ ဆင်ခြင်တွေးခေါ် မြော်မြင်နိုင်စွမ်း မြင့်မားတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာပေသည် အသိဉာဏ်အလင်းရောင် မီးရှူးတန်ဆောင်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် စာဖတ်ခြင်း၊ ဗဟုသုတရှာမှီးခြင်းတို့ကို အစဉ်အမြဲလေ့လာဆည်းပူးကြရန် တိုက်တွန်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

### ထုတ်လွှင့်တင်ဆက်ပေးသွားမည်

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် တိုက်ကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် လူမှုကွန်ရက်စာမျက်နှာတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

## အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း(ဘားအံ)၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

ဘားအံ စက်တင်ဘာ ၈

ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာပေချစ်မြတ်နိုးသူများအသင်း ( Book Club )အဖွဲ့ဝင်များ ပူးပေါင်း၍ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရေးဆရာမ ဒေါက်တာ မတင်ဝင်းရေးသားသော အလုပ်ဆိုတာအင်အားပါ စာအုပ်ဖြင့် ယနေ့မွန်းလွဲ ၁နာရီခွဲက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စာဖတ်ဝိုင်းကျင်းပရာ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက အဖွင့်အမှာစကား ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းက အလုပ်လုပ်တဲ့နေရာမှာသိက္ခာရှိပါစေ၊ စိတ်ထွေပြားရင် အားမဖြစ်ဘူး၊ စဉ်ဆက်မပြတ်အလုပ်လုပ်မှ အားဝင်မယ် ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူ ဆိုဖီယာက အလုပ်ဆိုတာ အင်အားပါ၊ အလုပ်တွင်အောင်လုပ်ချင်လျှင် စိတ်ကိုအေးအေးထားနိုင်ပါစေ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ သင်တန်းသူ မူးလာသောက်က အလုပ်လုပ်ရာမှာ အောင်မြင်စေလိုရင် အများနှင့်ပြေလည်အောင်ဆက်ဆံတတ်ပါစေ၊



အလုပ်လုပ်တဲ့နေရာမှာ စေတနာပါပါစေ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ သင်တန်းသူ ခိုင်သဇင်ထွန်းနှင့် ဆာရယ်မူးတို့က အလုပ်လုပ်တဲ့နေရာမှာ အဆိုးမြင်စိတ်မလွှန်ကဲပါစေနဲ့၊ အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်ချင်ရင် ဖွဲ့သတ္တိကိုအထူးမွေးပါစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ရာ ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့ ဆရာ ဦးသန်းအောင်နှင့် ဆရာဦးငွေသန်းတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး သင်တန်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ ကရင်ပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားသို့ တက်ရောက်မည်

ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ယနေ့အိမ်ဖြူတော်က သတင်းထုတ်ပြန်သည်။

ဒုတိယသမ္မတ ဟဲရစ်သည် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်းလည်း အိမ်ဖြူတော်၏ အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပမည့် ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားသို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစိုးရအဖွဲ့ကိုယ်စား တက်ရောက်မည်ဖြစ်သည်။

လွတ်လပ်သောအင်ဒို-ပစိဖိတ်ဒေသ ပေါ်ထွက်လာရေးအတွက် ရှင်ဇိုအာဘေး၏ ဦးဆောင်ကြိုးပမ်းမှုများကို ဂုဏ်ပြုသည့်အနေဖြင့် ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားသို့ တက်ရောက်ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒုတိယသမ္မတ ဟဲရစ်၏ အဆိုပါခရီးစဉ်သည် လွန်ခဲ့သည့်နှစ် ဇန်နဝါရီလအတွင်း ဒုတိယသမ္မတရာထူးအာဏာများ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ပထမဆုံးသော ဂျပန်နိုင်ငံခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်ဒုတိယသမ္မတ ဟဲရစ်သည် တိုကျိုနှင့် ဆိုးလ်မြို့များ၌ အဆင့်မြင့်အစိုးရအရာရှိများနှင့် တွေ့ဆုံမည်ဖြစ်ပြီး အင်ဒို-ပစိဖိတ်ဒေသအတွက် ၎င်းတို့၏ကတိကဝတ်များနှင့် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများအတွက် မဟာမိတ်များ၏အင်အားကို တောင့်တင်းခိုင်မာစေရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## ဗြိတိန်နိုင်ငံ၏နှစ်ပေါင်း ၄၀ ကြာ ငွေကြေးဖောင်းပွမှုပြဿနာကို ဖြေရှင်းရန် ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက်စ်နှင့် လွှတ်တော်အမတ်များဆွေးနွေး



လန်ဒန် စက်တင်ဘာ ၈

ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက်စ်သည် နိုင်ငံ၏ နှစ်ပေါင်း ၄၀ ကြာငွေကြေးဖောင်းပွမှုပြဿနာကို မည်သို့ကိုင်တွယ် ဖြေရှင်းမည်လဲဆိုသည့် နည်းလမ်းကောင်းများနှင့် ပတ်သက်ပြီး ယနေ့ပါလီမန်၌ လွှတ်တော်အမတ်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုများအပါအဝင် လောင်စာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် လူနေမှုစရိတ်များ မြင့်တက်လျက်ရှိသည်ကို သိရှိကြောင်း လစ်ဇ်ထရက်စ်က ဆိုသည်။

ထို့ပြင် စားသုံးသူများအတွက် အခွန်အခ ကောက်ခံမှုများကို လျှော့ချသွားရန် စီစဉ်လျက်ရှိပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ သို့သော် စွမ်းအင်ကုမ္ပဏီများအတွက် အခွန်အခတိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကို လစ်ဇ်ထရက်စ်က ငြင်းပယ်ခဲ့သည်။

ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရန် အခွန်အခကောက်ခံမှုများကို လျှော့ချကောက်ခံသွားမည် ဖြစ်ကြောင်း လစ်ဇ်ထရက်စ်က ဆိုသည်။

ဗြိတိန်ပြည်သူများသည် စွမ်းအင်အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းမည့် အစိုးရတစ်ရပ်ကို လိုလားလျက်ရှိကြောင်းနှင့် အဆိုပါအကျပ်အတည်းကို ကောင်းမွန်စွာ ဖြေရှင်းရန် ဆုံးဖြတ်ထားကြောင်း လစ်ဇ်ထရက်စ်က ပြောကြားခဲ့သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ ဘာသာပြန်- အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံး

မနီလာ စက်တင်ဘာ ၈

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၁၀၆ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၀၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၉၈၈၈၂ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၄၀၃၂ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၄၅ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေသန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၆ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




## တရုတ်အာကာသယာဉ်မှူးများက အာကာသအတွင်းနေထိုင်မှုဆိုင်ရာ အတွေ့အကြုံများကို အာဖရိကန်လူငယ်များအား မျှဝေပေး

ကိုင်ရို စက်တင်ဘာ ၈

တရုတ်အာကာသယာဉ်မှူး သုံးဦးသည် The Shenzhou-14 အာကာသခရီးစဉ်အတွင်း ၎င်းတို့၏ အာကာသအတွင်းနေထိုင်မှုဆိုင်ရာ အတွေ့အကြုံများကို အာဖရိကနိုင်ငံ ရှစ်နိုင်ငံမှ လူငယ်များအား ယနေ့မျှဝေပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးများဖြစ်သည့် Chen Dong ၊ Liu Yang နှင့် Cai Xuzhe တို့သည် အာကာသအတွင်း ခြောက်လကြာနေထိုင်လျက်ရှိစဉ် အာကာသဆိုင်ရာ အတွေ့အကြုံများအပါအဝင် သိပ္ပံဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာမျှဝေပေးခဲ့သည်။

အဆိုပါ အာကာသဆိုင်ရာဟောပြောပွဲကို အဒစ်အဘာဘာမြို့ရှိ အာဖရိကသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အယ်လ်ဂျီးရီးယား၊ အီဂျစ်၊ အီသီယိုးပီးယား၊ နမီးဘီးယား၊ ဆီနီဂေါ၊ ဆိုမာလီယာနှင့် တောင်အာဖရိကနိုင်ငံများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၂၈ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ စက်တင်ဘာ ၈

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၂၈ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါ ကူးစက်ခံရသူပေါင်း ၄၇၉၇၄၃၇ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၄၂၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ခုနစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၂၆၂ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၆၇၃ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၃၄၀၉၉ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၀၇၆ ဦးရှိပြီး ယင်းတို့အနက် ၆၇ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၈ ဦးသည်အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အောင်တံခွန်ရပ်ကွက်နေ စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် "Soe Naing Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မြင့်လွင်သည် ၎င်းအသုံးပြုသည့် "Myint Lwin" Facebook အကောင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ ဆွေမျိုးသူသည် ၎င်းအသုံးပြုသည့် "Swe Myo Thu" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့တွင်းကြီးရပ်ကွက်နေ ဝင်းဝင်းရွှေသည် ၎င်းအသုံးပြုသည့် "Win Shwe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာ ပေါ်ဦးရပ်ကွက်အနီးရှိ ဓာတ်အားပေးတာဝါတိုင်တစ်ခု မိုင်းထောင်ဖောက်ခွဲဖျက်ဆီး၊ လောပိတ - တီကျစ် မဟာဓာတ်အားလိုင်း ဓာတ်အားပို့လွှတ်မှု ပြတ်တောက်



**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာ ပေါ်ဦးရပ်ကွက်အနီးရှိ ဓာတ်အားပေးတာဝါတိုင်တစ်ခုကို စက်တင်ဘာ ၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင်အမှတ် ၁၃၀ လဲကျပျက်စီးခဲ့ပြီး မဟာဓာတ်အားလိုင်းမှူးရုံး(လွိုင်ကော်)မှ တာဝန်ယူထိန်းသိမ်းရသော ၁၃၂ ကေဗွီ လောပိတ - တီကျစ် မဟာဓာတ်အားလိုင်း ဓာတ်အားပို့လွှတ်မှု ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးလျက်ရှိသော တာဝါတိုင်များ ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**သံတွဲ စက်တင်ဘာ ၈**

စက်တင်ဘာ ၈ ရက်တွင် ကျရောက်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲ၊ စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင် ပြသခြင်းကို သံတွဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာပေချစ်မြတ်နိုးသူ လူငယ်များဖြင့် ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စန္ဒာကြည်က စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ မေ့ကျော့ရှင်း၏ "ကလေးတို့ရေ လာကြလာကြ" စာအုပ်(စတုတ္ထတွဲ)တွင် ပါရှိသည့် "သားကောင်မဖြစ်ရလေအောင်" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပေးခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော မချိုမာလင်းက အောင်မြင်သူနဲ့ ရှုံးနိမ့်သူ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ပြည့်ဖြိုးအောင်က ဂါရဝနှင့် အဂါရဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မလပြည့်ဝန်းက သန့်စင်သော ပတ်ဝန်းကျင်ကို ဖန်တီးကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ လက်ထောက်ညွှန်ကြားရေးမှူးက သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စန္ဒာကြည်(ပြန်/ဆက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး ဉာဏ ဦးဆောင်ပြီး မြို့နယ်ရဲမှူးခင်စိုးလွင်နှင့် တပ်ဖွဲ့ဝင် ၃၅ ဦးတို့က စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သာယာဝတီမြို့ ရေဝေရပ်ကွက် သိဒ္ဓိလာဘ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ငါးသယံဇာတ တိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်



**တိုက်ကြီး စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာ သံလျက်စွန်း ကူးတို့ဆိပ်ရှိ လှိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ တိုက်ကြီးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြကာ သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ ငါးခုံးမကောင်ရေ ငါးသိန်း၊ ငါးမြစ်ချင်းကောင်ရေငါးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ဆယ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ နှာခေါင်းစည်းများဖြန့်ဝေ



နေပြည်တော် စက်တင်ဘာ ၈

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ ရေကြည်နှင့် ဟင်္သာတမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာနေရာများတွင် သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ နှာခေါင်းစည်းများအား ပြည်သူများလက်ဝယ်အရောက် ပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နှာခေါင်းစည်း တပ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ကစင်ကျေးရွာနှင့် ဈေးတို့တွင် ယမန်နေ့နံနက် ၇ နာရီက ကျန်းမာရေးအသိပညာပေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ဆောင်ရွက်ခဲ့သည်။

နှာခေါင်းစည်းတပ်ဆင်သွားလာရေးလှုပ်ရှားမှုတွင် နှာခေါင်းစည်းများအား အခမဲ့ဝေငှခြင်းကို ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၂၂၂

## တွန်းဇံမြို့တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်



တွန်းဇံ စက်တင်ဘာ ၈

ချင်းပြည်နယ် တွန်းဇံမြို့တွင် ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်- ၁၉ ရောဂါ အိုမီခရွန်နှင့်၎င်း၏ မျိုးစိတ်သစ်များ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနနှင့် မြို့နယ်စည်ပင်သာယာဈေးတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အသိပညာပေးနှိုးဆော်ခြင်းကို ဇူလိုင်လ တတိယပတ်မှစ၍ မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ သိရှိလိုက်နာနိုင်ရန် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

ဓနုဖြူ စက်တင်ဘာ ၈

ရောဝတီ တိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နှာခေါင်းစည်းတပ်ဆင်



ရေးလှုပ်ရှားမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၇ နာရီမှစ၍ မီးသတ်ခုံးနှင့် မြို့မဈေးတို့တွင် ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်၊ မြို့မစခန်းမှူး ဒုရဲမှူးအောင်ဌေးနှင့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓနုဖြူမြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများဖြစ်သည့် လမ်းဆုံလမ်းခွများ၊ ကားဂိတ်၊ ကွန်ဒေါင်းဂိတ်၊ ရေယာဉ်ဆိပ်နှင့် မြို့မဈေးတို့တွင် တစ်ခါသုံးနှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ဟင်္သာတမြို့၌ လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

ဟင်္သာတ စက်တင်ဘာ ၈

၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အဖြစ် ဟင်္သာတခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက် ၁၀ နာရီက အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပါးစပ်နှင့်နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခဲ့ကြသည်။



ယင်းသို့ အသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို ဟင်္သာတမြို့ တိုက်ကျောင်းလမ်း တိုက်ကျောင်းဈေးရှေ့နှင့် နတ်မော်လမ်းထိပ်အများပြည်သူသွားလာနေသည့်နေရာများတွင် ဖြန့်ဝေပေးခဲ့ကြသည်။

လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် လေထုညစ်ညမ်းမှုလျှော့ချရေးနည်းလမ်းများကို ပြည်သူလူထုအတွင်း ပိုမိုသိရှိနားလည်လာစေရန်ရည်ရွယ်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း လက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်စွာဝင်းက ပြောကြားသည်။ ကိုဇော်(ဟင်္သာတ)

## ထန်းတပင်မြို့နယ်၌ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းသုံးမျိုးကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ထန်းတပင် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် အာသောကလမ်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းသုံးမျိုးကို သက်သာသောဈေးနှုန်းဖြင့် ဆက်လက်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

### အခမဲ့ဖြန့်ဝေ

ထိုသို့ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၈၅ ကျပ်နှုန်းဖြင့် ဆန် ၁၀ အိတ်၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဆီပိဿာ ၁၁၀ နှင့် ကြက်ဥတစ်လုံးလျှင်ငွေကျပ် ၁၇၅ ကျပ်ဖြင့် ကြက်ဥအလုံး ၁၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရောင်းချပေးခဲ့ကြောင်းသိရသည်။ ထိုကဲ့သို့ ရောင်းချပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်စီမံ



အုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး ဒေသခံပြည်သူများကိုလည်း တစ်ခါသုံးနှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## အသက်(၁၆)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မအူပင် စက်တင်ဘာ ၈

မအူပင်ခရိုင်တွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် အသက်(၁၆)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ခရိုင်ပညာရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မအူပင်ခရိုင် ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် မအူပင်ခရိုင်အတွင်းရှိမအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ အသက်(၁၆)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံမှ အသင်းလေးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ညောင်တုန်းမြို့နယ်အသင်းနှင့် ပန်းတနော်မြို့နယ်အသင်းတို့ယှဉ်ပြိုင်ကြရာ ပန်းတနော်မြို့နယ်အသင်းက အနိုင်ရရှိခဲ့ပြီး ပထမဆုဒိုင်းဆုကြီးအား မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ခရိုင်ပညာရေးမှူးဒေါက်တာသန္ဒာဆွေတို့က ပန်းတနော်မြို့နယ်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၃၁၆၀ |
| 95 Ron | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၆၅ | ၂၄၄၅ | ၂၅၃၅ | ၂၅၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၉၈၅ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၈၀ |
| HSD (50 ppm) | ၃၀၇၀ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၁၅ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၁၅ |
| HSD (10 ppm) | ၃၀၇၀ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၁၅ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၀၁ | ၂၂၇၈ |
| 95 Ron | ၂၃၀၁ | ၂၃၈၁ |
| HSD (500 ppm) | ၂၈၆၂ | ၂၉၄၉ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စစ်ကိုင်းမြို့ ပတ္တမြားစေတီတောင်တက်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မုံရွာ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားစေတီတောင်တက်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီးအနီး၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော ပတ္တမြားစေတီသို့သွားလာသည့် ကွန်ကရစ်လမ်းသစ်ဖြစ်သည့်အတွက် စစ်ကိုင်းမြို့၏ သမိုင်းဝင်မှတ်တိုင် စိုက်ထူသည့်နေ့ဖြစ်ကြောင်း၊ နှစ်စဉ်တော်သလင်းလပြည့်နေ့တွင် ပြုလုပ်သည့် ပတ္တမြားစေတီဘုရားပွဲတော်သည် ရပ်ကွက်ဆွမ်းတော်ကြီးအသင်းများမှ ဆွမ်းကပ်လှူဒါန်းခြင်းများ ကျင်းပလေ့ရှိပြီး မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်တော်များ လာရောက်ဖူးမြော်လေ့ရှိကြကြောင်း။

စစ်ကိုင်းမြို့သည် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးမှအားထားရာ မြို့တစ်မြို့ဖြစ်ပြီး မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ ပြည်သူများအတွက်အလုပ်အကိုင်ရရှိရေးသာမက




စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ရလဒ်ကောင်းတစ်ခု ရရှိစေမည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့်လမ်းသည် ယခင်က ကတ္တရာလမ်းဟောင်းတစ်ခုဖြစ်ခဲ့သော်လည်း ကာလရှည်ကြာ၍ ရာသီဥတုဒဏ်နှင့် မိုးရွာသွန်းမှုများကြောင့် တောင်ကျရေစီးဆင်းခြင်း၊ မိုးရေတိုက်စားမှုကြောင့် လမ်းမှာပျက်စီး၍ သွားလာမှုခက်ခဲခဲ့ကြောင်း၊ ပတ္တမြားစေတီတောင်တက်လမ်းသွားလာမှု ချောမွေ့ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်မိဘပြည်သူများက ကွန်ကရစ်လမ်းအား စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ကွန်ကရစ်လမ်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဆင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အလှူရှင် ဦးအုပ်စိုးတို့က ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပတ္တမြားစေတီတောင်တက်လမ်းသည် အရှည်ပေ ၅၂၀၀၊ အကျယ် ၁၄ ပေ၊ ထုခြောက်လက်မ ကွန်ကရစ်လမ်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ စေတနာရှင်မိဘပြည်သူများက ငွေကျပ် ၈၃၁ သိန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ဘိလပ်မြေအိတ် ၄၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၁၁၇၁ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ပတ္တမြားစေတီတောင်တက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက တာဝန်ရှိသူများထံ စုစုပေါင်း ငွေကျပ် ၉၃၁ သိန်း၊ ဘိလပ်မြေအိတ် ၄၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားအား ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြဝတီမြို့၌ အင်္ဂလိပ်ကဗျာ၊ ပုံပြင်၊ စကားဝိုင်းဆွေးနွေးပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် တိုင်းရင်းသားအကပြိုင်ပွဲများ ကျင်းပ

မြဝတီ စက်တင်ဘာ ၈

ကလေးများ၏ ပညာအရည်အသွေး ဘက်စုံဖွံ့ဖြိုးစေလိုသော ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ကဗျာ၊ ပုံပြင်၊ စကားဝိုင်းဆွေးနွေးပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် တိုင်းရင်းသားအကပြိုင်ပွဲများကို ကရင်ပြည်နယ် မြဝတီမြို့ရှိ ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်း၌ စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ကျောင်းသီချင်း၊ နှောင်အင်းလေးသီချင်း၊ ကောက်စိုက်ချိန်သီချင်းတို့ဖြင့် ကပြဖျော်ဖြေကြသည်။ ပြိုင်ပွဲအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲများအနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် ကဗျာ၊ စကားဝိုင်းဆွေးနွေးပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် မြန်မာဘာသာဖြင့် ကဗျာပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအကပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၁-၈-၂၀၂၂ ရက်နေ့မှအဆက်)

## ဓမ္မဒိန္နာသူဌေးမ ရဟန္တာဖြစ်ခြင်း

ရာဇဂြိုဟ်ပြည်၌ ကုဋေနှစ်ဆယ် ကြွယ်ဝသော သူဌေးတစ်ဦးရှိသည်။ ၎င်း၏အမည်မှာ "ဝိသာခ" မည်၏။ သူသည် ဗိမ္ဗိသာရမင်းကြီးနှင့် သူငယ်ချင်း ကျောင်းနေဖက်ဖြစ်ပါသည်။ ၎င်းသည် ရာဇဂြိုဟ်ပြည် ဘုရားရှင်သွားလာသော ပထမအခါ၌ပင် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ ဘုရားရှင်ကို ဖူးမြော်ရ၍ သောတာပန်ဖြစ်ခဲ့ရပါသည်။



ယခုအချိန်၌လည်း ဘုရားရှင်သည် ဝေသာလီပြည်၌ ပဉ္စမဝါကပ်ပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွလာသောအခါဖြစ်သည်။ ၎င်းသည် ဘုရားရှင်၏ တရားကိုပြန်၍ နာရသောကြောင့် သူသည် ယခုအခါ၌ အနာဂါမ်အဖြစ်သို့ ရောက်လေသည်။ သူ့တွင် "ဓမ္မဒိန္နာ" မည်သော ဇနီးမယားရှိသည်။ သူသည် ထိုနေ့တွင် အိမ်သို့ပြန်၍ ပြာသာဒ်၏ လှေခါးရင်းသို့ ရောက်သောအခါ ၎င်းဇနီးမယား ဓမ္မဒိန္နာသူဌေးကတော်က အစဉ်အလာအတိုင်း သူဌေးကြီးအား ခရီးဦးကြိုပြု၍ လက်ကိုကမ်းလှမ်းလေသည်။ ဝိသာခသူဌေးကြီးသည် ယခင်ကနှင့်မတူ ဓမ္မဒိန္နာ လက်ကမ်းသည်ကို မစွဲကိုင် မနှုတ်ဆက်ဘဲ ပြာသာဒ်သို့တက်၍ အတွင်းသို့ ဝင်လေသည်။

ဓမ္မဒိန္နာသူဌေးကတော်သည် စားဖွယ်သောက်ဖွယ်တို့ကို ကျနစီစဉ်၍ ဝိသာခသူဌေးထံသို့ သွားရောက်လုပ်ကျွေးပြုစုသည်။ သူဌေးကြီးသည် ဟင်းစားဖွယ်သောက်ဖွယ်တို့ကို စားသောက်၍ ကောင်းသည်၊ မကောင်းသည်ကို လုံးဝစကား မပြောဘဲနေလေသည်။

ဓမ္မဒိန္နာသည် သူဌေးကြီးစားသောက်နေသည့် နေရာတွင် စောင့်ဆိုင်း၍ နေလေသည်။ သူသည် သူဌေးကြီး၏ အမူအရာသည် ရှေ့ကနှင့် မတူပုံကို အကဲခတ်ပြီး သူ့တွင် ဘယ်အပြစ်ရှိ၍ ဝိသာခသူဌေးကြီး မနှစ်မြို့ပါသလဲဟု ကြံစည်တွေးတောနေလေသည်။

သူဌေးကြီး ထမင်းစားသောက်ပြီးသောအခါ သာယာနာပျော်ဖွယ်စကား ချေင်းစွာဖြင့် သူဌေးကြီးအား သူ့တွင် ဘယ်အပြစ်ရှိ၍ ရှေ့ယခင်နှင့် မတူဘဲ ဆက်ဆံပါသလဲဟု မေးလေသည်။ သူဌေးကြီးကလည်း သူဌေးကတော်တွင် အပြစ်မရှိကြောင်း သူယနေ့ ဘုရားကိုဖူး၍ တဏှာသန္တဝဖြင့် မရှွင်နိုင်ကြောင်း ပြောလေသည်။

ထို့ပြင် ဓမ္မဒိန္နာအား ဤစည်းစိမ်တွေကို မခံစားလို၊ သင်သာလျှင် ယခုပစ္စည်းတွေနှင့် သိမ်းဆည်းခံစားလော့၊ ခင်ပွန်းအသစ် ပြုလိုလျှင်လည်း ပြုပါလော့ သူခွင့်ပြုကြောင်း သူဌေးကြီးက ပြောဆိုလေသည်။ ထိုအခါ ဓမ္မဒိန္နာသည် သင်ထွေးအန်ပစ်သော တံထွေးပေါက်ကို သူ့အနေဖြင့် မျို၍ မရကြောင်း သူ့အား ရဟန်းအမြန်ပြုပေးရန် ခွင့်တောင်းခံလေသည်။

ဝိသာခသူဌေးကြီးသည် သူ့ဇနီးထံမှ ယင်းစကားကို ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ ဝိသာခသည် ကောင်းမွန်ကြောင်း ချီးကျူး၍ အကျိုးအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား ပြောလေသည်။ မင်းကြီးကလည်း "ဓမ္မဒိန္နာ"ကို ရွှေထမ်းစဉ်ဖြင့်ခေါ်၍ ရဟန်းမကျောင်းသို့ ပို့လေသည်။

ဓမ္မဒိန္နာသည် ရဟန်းမပြုပြီးသော် ဥပဇ္ဈာယ်ဆရာတို့အား ခွင့်ပန်ပြီး ထိုရဟန်းမများနှင့်အတူ ရွာငယ်ကျောင်းများသွားပြီး သင်္ခါရတရားတို့ဆင်ခြင်၍ တရားအားထုတ်လေသည်။ များမကြာမီ သူသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားလေသည်။ ထို့နောက် ဓမ္မဒိန္နာသည် ရဟန်းမ ဥပဇ္ဈာယ်ဆရာများနှင့် ရာဇဂြိုဟ်သို့ ပြန်လာလေသည်။

ခင်ပွန်းဖြစ်သူ ဝိသာခသူဌေးကြီးသည် ဇနီး ရဟန်းမနေသောကျောင်းသို့ယခုကြွားသောသတင်း အရ သာသနာတော်၌ ပျော်မပျော်၊ တရားထူးရမရ၊ မဂ်လေးပါးနှင့်ပတ်သက်၍ အစဉ်အတိုင်း မေးလေသည်။ ဓမ္မဒိန္နာသည် သူ၏အဖြစ်သနစ် အကြောင်းစုံကိုပြောပြီး ဝိသာခသူဌေး ရထားသည်ထက်လွန်၍ သူတရားရရှိပြီဖြစ်ကြောင်းနှင့် သင်သိလိုလျှင် ဘုရားရှင်အား သွားမေးရန် စေလွှတ်လိုက်လေသည်။

သူဌေးကြီးသည် ဓမ္မဒိန္နာဆိုသည့်အတိုင်း ဘုရားထံသို့ သွားရောက်မေးမြန်းလေသော် ဘုရားရှင်က ရဟန်းမသည် တဏှာရာဂကင်းသူဖြစ်ပြီးကြောင်းနှင့် ဓမ္မဒိန္နာပြောသည့်အတိုင်း ဘုရားက ဖြေကြားလေသည်။

ထို့ကြောင့် နောင်သောအခါ၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်ရဟန်းမတို့အား ဧတဒဂ်ဘွဲ့ပေးသောအခါတွင် တရားဟောသည့်အခါ၌ လိမ္မာကြသော ရဟန်းတို့ထဲတွင်ဓမ္မဒိန္နာ မထေရီမသည် အမြတ်ဆုံးဖြစ်ကြောင်း ဘုရားရှင်က မိန့်မြွက်တော်မူသည်။ ၎င်းအား "ဓမ္မကထိက ဧတဒဂ်"ဘွဲ့ကို ဘုရားရှင်က ပေးတော်မူသည်။

## ရူပနန္ဒာ (ခေါ်) ဇနပဒကလျာဏီ ရဟန္တာဖြစ်ခြင်း

ဇနပဒကလျာဏီမင်းသမီးသည် မိထွေးတော်ဂေါတမီ၏သမီးဖြစ်ပါသည်။ သူနှင့် မောင်နှမအရင်းတော်စပ်သူ နန္ဒမင်းသားနှင့် ထိမ်းမြား၍ အိမ်ရှေ့မင်းအဖြစ် ဘိသိက်သွန်းကျင်းပနေချိန် ဘုရားရှင်က ၎င်းအားခေါ်၍ ရဟန်းဝတ်ပေးခဲ့ပါသည်။ ဤအချိန်ကား ဘုရားရှင် ကပိလဝတ်ပြည်သို့ ပထမဦးဆုံး ကြွရောက်ချိန်ဖြစ်ပါသည်။

ထို့နောက် သုဒ္ဓေါဒနမင်းကြီး ကွယ်လွန်သွားချိန်၌ မိထွေးတော်ဂေါတမီသည် သာကီနွယ်ဝင်မင်းသမီးငါးရာကို ခြံရံလျက် ဆံပင်ဖြတ်၍ သင်္ကန်းဝတ်ပြီး ဝေသာလီပြည်တွင် ပဉ္စမဝါကပ်နေသော ဘုရားရှင်ထံတွင် ရဟန်းပြုသွားလေသည်။ ယင်းအနေအားဖြင့် ဇနပဒကလျာဏီသည် သူ့မောင်တော်နန္ဒမင်းသားကလည်း ရဟန်းဝတ်သည်။ မယ်တော်ဂေါတမီကလည်း ရဟန်းပြုသွားသည်။ ဤနန်းခန်းမ၌ တစ်ဦးတည်းမနေလိုသော ဆန္ဒဖြစ်ပြီး စဉ်းစားလေသည်။ တစ်ဦးတည်းနေ၍ အကျိုးမရှိ၊ စဉ်းစားပြီး သူ၏အစ်ကိုတော် သိဒ္ဓတ္ထဘုရားရှင်နှင့် မယ်တော်ဂေါတမီတို့ရှိရာ ရာဇဂြိုဟ်ပြည်သို့မောင်းမကိုယ်လုပ်တော်များနှင့်သွား၍ လူဝတ်ဖြင့် နေလေသည်။

ဤသို့သွားရောက်နေ၍ ခုနစ်ရက်၊ ရှစ်ရက် လောက် ကြာသောအခါ ဇနပဒကလျာဏီအား မယ်တော်က ဆုံးမပြောဆိုလေသည်။ သင်၏ မောင်တော်နန္ဒမင်းသားသည် ရဟန်းပြုသွားလေပြီ ဖြစ်သောကြောင့် နန်းတော်၌တစ်ယောက်တည်း အဘယ်ကြောင့်နေသနည်း။ အရွယ်ကောင်းခြင်းသည် နောက်ဆုံး၌ အိုရဦးမည်၊ တင့်တယ်လှပသော ရုပ်အဆင်းသည် နောက်ဆုံး၌ အနာရောဂါ နှိပ်စက်ခြင်းကို ခံရပေမည်။ အသက်ရှင်ခြင်း၏ နောက်ဆုံးသည် သေခြင်းသို့ ရောက်ပေမည်။ စကြဝတေးမင်းစည်းစိမ်ကိုစွန့်၍ သင်၏မောင်တော်ကြီး သိဒ္ဓတ္ထမင်းသားသည်ပင် ရဟန်းပြု၍နေသည် စသည်ဖြင့် ဆုံးမခြင်းကြောင့် ဇနပဒကလျာဏီသည် မယ်တော်ဂေါတမီထံ၌ ရဟန်းဝတ်၍ နေလေသည်။

ဤသို့သွားရောက်နေ၍ ခုနစ်ရက်၊ ရှစ်ရက်လောက်ကြာသောအခါ ဇနပဒကလျာဏီအား မယ်တော်က ဆုံးမပြောဆိုလေသည်။ သင်၏ မောင်တော်နန္ဒမင်းသားသည် ရဟန်းပြုသွားလေပြီဖြစ်သောကြောင့် နန်းတော်၌ တစ်ယောက်တည်း အဘယ်ကြောင့်နေသနည်း။ အရွယ်ကောင်းခြင်းသည် နောက်ဆုံး၌ အိုရဦးမည်၊ တင့်တယ်လှပသော ရုပ်အဆင်းသည် နောက်ဆုံး၌အနာရောဂါနှိပ်စက်ခြင်းကို ခံရပေမည်။ အသက်ရှင်ခြင်း၏ နောက်ဆုံးသည် သေခြင်းသို့ ရောက်ပေမည်။ စကြဝတေးမင်းစည်းစိမ်ကိုစွန့်၍ သင်၏မောင်တော်ကြီး သိဒ္ဓတ္ထမင်းသားသည်ပင် ရဟန်းပြု၍နေသည် စသည်ဖြင့် ဆုံးမခြင်းကြောင့် ဇနပဒကလျာဏီသည် မယ်တော်ဂေါတမီထံ၌ ရဟန်းဝတ်၍ နေလေသည်

ရူပနန္ဒာသည် ရဟန်းပြုပြီးနောက် ဘုရားရှင်နှင့် မတွေ့လိုပါ။ ဘုရားရှင်သည် သူတို့နေသောကျောင်းသို့လာလျှင်လည်း မတွေ့ရအောင် ရှောင်၍နေသည်။ အဘယ်ဆိုသော် ဘုရားရှင်က ခန္ဓာကိုယ်၊ ရုပ်၏ လှပခြင်းနှင့်ပတ်သက်၍ ကဲ့ရဲ့ပြစ်တင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် အသုဘသဘောကို တင်၍ ရှုတတ်သည်ဟု ကြားသိထားသဖြင့် သူ့ရုပ်ကိုလည်း ဤသို့ အပြစ်တင် ရှုတ်ချမည်ကိုစိုးရိမ်၍ ဘုရားရှင်အား မချဉ်းကပ်ဘဲရှောင်နေခြင်းဖြစ်ပါသည်။

တစ်နေ့သ၌ ဘုရားရှင်ထံမှ တရားနာပြီး ပြန်လာကြသော ရဟန်းမများ၊ ဥပါသိကာမများထံမှ ဘုရား၏ဂုဏ်ကျေးဇူးကို ကြားရလျှင် ရူပနန္ဒာသည် ဘုရားထံသို့ တရားနာသွားလိုသောစိတ်ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ဘုရားရှင်က သူ့အား တစ်နေ့လုံး ရုပ်နှင့်ပတ်သက်၍ အပြစ်ပြောဆိုနိုင်မည် မဟုတ်ပါ။ မိမိကိုမပြဘဲ နောက်ဆုံးမှနေအံ့ဟုကြံလျက် နောက်တစ်နေ့၌ ရဟန်းမတို့နှင့်အတူ ဘုရားထံသို့ တရားနာရန် လိုက်သွားလေသည်။

ဘုရားရှင်သည် ဇနပဒကလျာဏီ၏ စိတ်အကြံ ဖြစ်ပေါ်နေသည်ကို သိတော်မူသည်။ သူသည် သူ့ရုပ်အဆင်းကို ချစ်ခင်မြတ်နိုးနှစ်သက်သည်။ ဆူးကို ဆူးဖြင့် ရှင်းရမည်။ ထို့အတူ ရုပ်ကို မက်မောသော ရူပနန္ဒာအား ရုပ်နှင့်ပတ်သက်၍ မာန်မာန မရှိအောင် ပြုသင့်ကြောင်း ဘုရားရှင်က ဆင်ခြင်တော်မူသည်။ ထို့ကြောင့် အလွန်အဆင်းလှပသော တစ်ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေး တစ်ယောက်ကို ၎င်းကျောင်းထဲသို့လာချိန်၌ ဖန်ဆင်းထားပါသည်။ ယင်းအမျိုးသမီးသည် နီမြန်းသော အဝတ်ကိုဝတ်လျက် တန်ဆာဆင်ယင်ပြီး ဘုရားရှင်နားတွင် ယပ်ခတ်နေဟန်ကို တန်ခိုးတော်ဖြင့် ဘုရားရှင်က ဖန်ဆင်းထားလေသည်။ ဤမိန်းကလေးကိုလည်း ရူပနန္ဒာနှင့် ဘုရားတို့သာ မြင်စေပြီး အခြားသူများ မမြင်ရအောင် ဖန်ဆင်းထားပါသည်။

ရူပနန္ဒာသည် ဘုရားရှင်အား ဖူးမြင်သောအခါ ထိုဘုရားရှင် ဖန်ဆင်းထားသော အမျိုးသမီးလေးကို တွေ့လေသည်။ ၎င်းသည် ထိုမိန်းကလေး၏ လှပမှုကို မက်မော၍ ကြည့်ရှုနေလေသည်။ ထို့အပြင် သူ့ကိုယ်လည်း ပြန်ကြည့်၍ ဟင်္သာငှက်တို့၏ အလယ်၌ရှိသော ကျီးကဲ့သို့ သူ့ကိုယ်သူထင်လေသည်။ ထိုမိန်းကလေး၏ ရုပ်အဆင်းပေါ်တွင်သာ ရူပနန္ဒာ အာရုံရောက်နေလေသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၄၈၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၄၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၉၇) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၇) ဦးအနက် (၅) ဦး၊ (၂.၆၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၈၂) ဦး၊ (၉၇.၃၂) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၁၄,၂၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၆,၂၁၀) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၄,၀၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

## ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၂.၆၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၈၂) ဦး | (၉၇.၃၂) % |
| **စုစုပေါင်း** | **(၁၈၇) ဦး** | **(၁၀၀) %** |

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့် အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၈၇၀၃၇၈ | ၉၂၈၁၁၈၀၆ | ၁၀၇၄၁၇၁ |
| ၂။ | အိန္ဒိယ | ၄၄၄၇၈၆၃၆ | ၄၃၉၀၀၂၀၄ | ၅၂၈၀၉၀ |
| ၃။ | ပြင်သစ် | ၃၄၆၄၃၂၄၀ | ၃၄၁၄၅၃၀၇ | ၁၅၄၃၇၉ |
| ၄။ | ဘရာဇီး | ၃၄၅၄၅၈၁၆ | ၃၃၅၄၆၇၂၆ | ၆၈၄၆၈၅ |
| ၅။ | ဂျာမနီ | ၃၂၃၈၆၀၈၉ | ၃၁၅၉၉၇၀၀ | ၁၄၈၀၉၈ |
| ၆။ | တောင်ကိုရီးယား | ၂၃၈၆၄၅၆၀ | ၂၂၂၁၃၀၈၂ | ၂၇၃၁၃ |
| ၇။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၅၂၂၈၈ | ၁၈၈၂၄၂ |
| ၈။ | အီတလီ | ၂၁၉၈၇၂၉၅ | ၂၁၂၅၅၅၄၁ | ၁၇၆၀၀၉ |
| ၉။ | ရုရှား | ၁၉၉၀၈၁၈၉ | ၁၈၉၂၆၆၀၉ | ၃၈၅၀၆၉ |
| ၁၀။ | ဂျပန် | ၁၉၇၆၁၇၃၃ | ၁၈၃၀၀၄၁၂ | ၄၁၈၄၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၃၁၈၂၃ | ၁၀၂၆၁၄၀၁ | ၄၃၁၂၆ |
| ၂။ | အင်ဒိုနီးရှား | ၆၃၈၅၁၄၀ | ၆၁၈၉၆၀၇ | ၁၅၇၇၂၉ |
| ၃။ | မလေးရှား | ၄၇၉၇၄၃၇ | ၄၇၃၄၀၉၉ | ၃၆၂၆၂ |
| ၄။ | ထိုင်း | ၄၆၆၄၁၅၆ | ၄၆၁၇၆၁၂ | ၃၂၄၈၆ |
| ၅။ | ဖိလစ်ပိုင် | ၃၈၉၈၈၈၂ | ၃၈၁၂၆၄၄ | ၆၂၂၀၆ |
| ၆။ | စင်ကာပူ | ၁၈၅၂၂၈၆ | ၁၇၇၄၃၃၇ | ၁၆၀၁ |
| ၇။ | မြန်မာ | ၆၁၆၂၁၀ | ၅၉၄၀၇၁ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၇၄၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၈၉ | ၁၃၄၅၅၃ | ၃၀၅၆ |

## ကသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

**ကသာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယနေ့နံနက် ၈ နာရီမှစ၍ ကသာမြို့ မြို့တော်ခန်းမ၌ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံရာသို့ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်း၊ ကသာခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စိုးသူအန်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။

ကသာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးစီးမှု ခြောက်လနှင့်အထက်ရှိသည့် ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများအား ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခဲ့ရာ တတိယအကြိမ်ထိုးနှံပြီးစီးခဲ့သူ ၁၁၀၁ ဦးရှိသည့်အနက် ယနေ့လူဦးရေ ၄၁၀ ကို စတုတ္ထအကြိမ် ထိုးနှံပေးခဲ့သည်။

လာမည့်ရက်များတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသည့်သူများအား အလှည့်ကျ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"'မ'က တိုတိုပြတ်ပြတ်ပဲကြိုက်တယ်။ ဖေဖေကလည်း ဒီလိုပဲကြိုက်တယ်။ ပြီးတော့လည်း လူတကာသုံးလို့ ရိုးနေတာလည်း မကြိုက်ဘူး၊ ကလက်အောင် ဆန်းနေတာလည်း မကြိုက်ဘူး၊ ရိုးရိုးနဲ့ ထူးခြားတာကို ကြိုက်တယ်။ 'မ'ရဲ့ နာမည်ရင်းဟာလည်း ခေါ်ရိုးခေါ်စဉ် အတိုင်း ခေါ်ရင် မမပေါ့။ ဒီ မတစ်လုံးဟာ အလကားပိုနေတယ်။ ပြီးတော့လည်း မမဆိုတဲ့နာမည်ဟာ သူများအပေါ်မှာ စီးပိုးလွန်းတယ်၊ ဒါကြောင့် 'မ'တစ်လုံး တည်းမှည့်ထားတာ"

ကိုဘခက်သည် စောင်းကိုစမ်းနေလိုက်သော်လည်း 'မ' စကားများကို စိတ်ဝင်စားနေမိသည်။

"ဒါပေမဲ့ 'မ' ဆိုတဲ့နာမည်ဟာ ခင်ဗျား ထင်သလို အကောင်းဘက်ချည်း တွေးလို့မရဘူး။ အဆိုးဘက်ကတွေးရင်လည်း ရတယ်။ 'မ'ဆိုတဲ့ နာမည်က မွန်မြတ်တယ်၊ သိမ်မွေ့တယ်၊ မေတ္တာခတ်ပါတယ်၊ မိုးရေလိုအေးပြီး မာလာပန်းလို မွှေးတယ်။ ဒါက အကောင်းဘက်ကတွေးလို့ရတဲ့သဘော၊ အဆိုးဘက်ကတွေးရင် 'မ'ဆိုတဲ့ နာမည်အရ မာန်မာနကြီးတယ် မောဟလွှမ်းမယ်၊ မှိုင်းလိုမှုးဝေပြီး မီးလို ပူနိုင်တယ်။ ဒါထက်ဆိုးတာတွေပြောရရင် လူတွေမုန်းတတ်တယ်၊ မော်ကြွားတတ်တယ်၊ မောက်မာတတ်တယ်၊ မိုက်မဲ ယုတ်မာတတ်တယ်။ အဆိုးဆုံးပြောရရင် မိစ္ဆာ ..."

"ဒီမှာ ဆရာ၊ ဆရာ့ကို ဗေဒင်မေးနေတာမဟုတ်ပါဘူး။ စောင်းသင်နေတာပါ"

"အင်းလေ ... ကျုပ်ကလည်း ဗေဒင်ဟောနေတာမဟုတ်ပါဘူး၊ နာမည်တစ်ခုရဲ့အနက်အဓိပ္ပာယ်ကို ပြောနေတာပါ။ ဗေဒင်ကို ကျုပ်ကလဲ မယုံပါဘူး။ ဗေဒင်ဆိုတာ ကိုယ့်ကိုယ်ကို မယုံတဲ့လူတွေမေးတာပဲ။ ကိုယ့်ကိုယ်ကို ဘာဖြစ်မယ်ဆိုတာမသိလို့ တခြားလူမေးတာဟာ အမှန်တော့ ရှက်စရာအကောင်းဆုံးအလုပ်တစ်ခုပေါ့။ ကျုပ်ဘဝရဲ့ ဗေဒင်ကို သူများမေးစရာမလိုဘူး။ ကျုပ်ဘာသာကျုပ် ဟောနိုင်တယ်။ ကျုပ်ဘာဖြစ်မလဲဆိုတာ ကျုပ်အရည်အချင်းနဲ့ ကြိုးစားမှုက အဆုံးအဖြတ်ပေးမှာပဲ။ မမာမကျန်းဖြစ်ရင်လည်း ကျုပ် ဗေဒင်မမေးဘူး၊ ဆရာဝန်ဆီသွားမှာပဲ"

'မ' သည် ကိုဘခက်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိသည်။

'မ'စိတ်ထဲတွင်ကား လူထူးလူဆန်းတစ်ယောက်တွေ့နေသလို ထင်မိသည်။

"ဆရာ့စကားအတိုင်းပြောရရင် ဆရာလည်း ကိုဘခက်ဆိုတဲ့နာမည်နဲ့ လိုက်အောင် အတော်ခက်မယ့်လူတစ်ယောက်ပဲ၊ ပြောရဆိုရလည်း ခက်တယ်၊ ဆက်ဆံရတာလည်း ခက်တယ်။ နောက်ဆုံးကျရင် ဆရာကိုယ်တိုင် အခက်တွေ့ရမှာပဲ"

ကိုဘခက်သည် 'မ'၏စကားကို နားထောင်ရင်း တုန်လှုပ်ခြင်းမရှိ ပကတိတည်ငြိမ်စွာဖြင့် ပြုံးလိုက်သည်။

"ခက်တာနဲ့ လွယ်တာ ဘယ်ဟာက တန်ဖိုးရှိလဲ။ ဥစ္စာပစ္စည်းပဲဖြစ်ဖြစ်၊ အတတ်ပညာပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အဘက်ဘက်က ခက်တယ်။ လွယ်လွယ်နဲ့ရရင် ဘယ်တော့မှ တန်ဖိုးမရှိဘူး။ အဲသလို မှန်ကန်တဲ့ ကျော်စောမှုနဲ့ အောင်မြင်မှုကိုလိုချင်ရင် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာပဲ။ ဒီတော့ ကျုပ်အနေနဲ့ ခက်တယ်ဆိုတာကို တန်ဖိုးထားတယ်။ အခက်အခဲနဲ့လည်း ရင်ဆိုင်ချင်တယ်"

'မ'သည် ဘာမျှဆက်မပြောနိုင်တော့ချေ။ လုံးလုံးအလျှော့ပေးရမလို ရှိတော့သည်။ အမှန်၌လည်း ရုတ်တရက်အားဖြင့် ကိုဘခက်ပြောသောစကားများသည် ခံပြင်းစရာကောင်းလှသော်လည်း ပြန်တွေးလျှင် ငြင်းစရာ တစ်ကွက်မရှိချေ။

ကိုဘခက်သည် သူ့စကားများကြောင့် ငြီးငွေ့သွားမည်ကို ရိပ်မိကာ စောင်းကို ကောက်၍ကိုင်လိုက်သည်။ ကိုဘခက် စမ်းလိုက်သော စောင်းသံကို ကြားလိုက်သောအခါ 'မ'သည် စောစောကပြောခဲ့သောစကားများကိုပင် မေ့ပျောက်၍ သွားလေသည်။ စောင်းသံ၌သာ နစ်မျောနေမိသည်။ ကိုဘခက်၏ စောင်းသံကား ခံ့ညားသလောက် သိမ်မွေ့နူးညံ့လှသည်ကိုလည်း ခံစားလိုက်မိသည်။

"ကဲ ... စောင်းသံရဲ့အရသာကို ခံစားချင်ရင် ကျုပ် သီချင်းတစ်ပုဒ်ဆိုပြမယ်၊ သင်ရိုးကြီး တတေတေတီးနေရတော့လည်း ငြီးငွေ့မှာပဲ။ နားမှာသာတဲ့သီချင်းကို နားထောင်လိုက်ရတော့ အလိုလို စိတ်ပါလာတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

ခုတစ်ကြိမ်တွင် 'မ'သည် ကိုဘခက်၏ စကားကို အလိုလို ထောက်ခံမိလျက်သားရှိတော့သည်။ အမှန်တော့လည်း 'မ' ကိုယ်တိုင်က ကိုဘခက်လက်သံကို တစ်ပုဒ်လောက် နားထောင်ချင်သည်။ ကိုဘခက်သည် စောင်းကို စမ်းရင်းပင် သူတီးပြမည့် သီချင်းအကြောင်းကို ရှင်းပြလေသည်။

"ခုတီးမယ့်ကြိုးကရှေးကြိုးဟောင်းလို့ ခေါ်တယ်။ ဘီလူးမ စည်းသံလို့လည်း ခေါ်တယ်။ ဒါပေမဲ့ မယ်ဘွဲ့ထဲမှာ သူက ကရုဏာရသကို ပေါ်တယ်။ ကဲ ... ဝါးချပေး"

ကိုဘခက်သည် လွဲ၍နေသော ကြိုးဝိုင်းထဲသို့ အလျင်ဝင်လိုက်သလို 'မ'တီးနေသော စည်းချက်နှင့်အကိုက် ဝင်လိုက်သည်။ ကြိုးခံဆုံးလျှင် သီချင်းကို ခပ်တိုးတိုးဆို၍ တီးလိုက်သည်။

"ကြိုင်မွှေးx x လှိုင်ပြေးနုယဉ်ကျေး x x ယဉ်ကျေးဖြူဖြူ x x မင်းလို အူငယ်ရာကိုပင်တည့်လေး x x ကြီးလို့ မူယာ x x မတတ်ပါမျက်သာ လွန်ကဲငင်ခဲ့လေး x x "

'မ'သည် စည်းကိုလိုက်ရင်း သီချင်း အနက်အဓိပ္ပာယ်ကို တွေးနေမိသည်။ သို့တွေးလိုက်သောအခါ ကလေးဆန်လှသော နန်းတွင်းသူ လှပျိုကလေး တစ်ယောက်ကို မျက်စိထဲ၌ မြင်လာသည်။ သီချင်းအနက်အဓိပ္ပာယ်ရင်းက ဘာကိုဆိုသည်ကို မသိသော်လည်း သူ့စိတ်ကူးနှင့်သူ တွေးရင်း ကိုဘခက်ပြောသလို ကရုဏာရသကို ခံစားလာရသည်။

"နန်းရံငယ် x x စံခင်းမယ်ချည့်ကိုပင် ထွက်စိုးနှင်းx x စက်ရင်းမှာ x x ညနေ့ခြံရံလာx x သန်းရွှေကိုပင်နုမွှေး x x ရွှန်းလူမင်းရွှအူ x x ကြည်ဖြူကောင်းပါငဲ့လေး x x "

ကိုဘခက်တီးသောအကွက်များသည် 'မ'နားထဲတွင် ဆန်းနေသည်။ အဆိုအပိုဒ်တွင် သီချင်းစာသား၏ အနက်အဓိပ္ပာယ်ကို ခံစားရသလို အတီးအပိုဒ်တွင် ကိုဘခက်၏ တီးဟန်ကို ခံစားရလေသည်။

သီချင်းဆုံးသွားသောအခါ 'မ'သည် ကိုဘခက်အား ကြည်ညိုလေးစားသော မျက်လုံးများဖြင့် ကြည့်နေရှာသည်။

ဒီလိုသီချင်းမျိုးတွေ 'မ' သိပ်တီးတတ်ချင်တယ်ဆရာ၊ 'မ' ကြိုးစားပါ့မယ်။ 'မ' ကိုသာ မြန်မြန်တတ်အောင် သင်ပေးပါ"

ခုလိုကျပြန်တော့လည်း 'မ'သည် ကလေးငယ်ကဲ့သို့ သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောချလိုက်သည်။ 'မ' ပြောလိုက်သော အမူအရာကို ကြည့်ခြင်းအားဖြင့် သီချင်းကို မည်မျှ စိတ်ဝင်စားကြောင်း ထင်ရှားလာပေသည်။

ကိုဘခက်ကမူ စောင်းကို ဘေးသို့ချလိုက်ပြီးလျှင် ဆေးပေါ့လိပ်တစ်လိပ်ကိုယူ၍ မီးညှိလိုက်သည်။

နှစ်လ၊ သုံးလလောက် သည်းခံလိုက်ရင် သီချင်းတွေကို တီးနိုင်ပါတယ်။ ကြိုးသင်ရိုး ဆယ့်သုံးပုဒ်ကိုသာပိုင်ရင်တော့ နောက်ပိုင်းကို ကြောက်စရာမလိုတော့ပါဘူး။ ကြိုးဆယ့်သုံးပုဒ်ကိုတော့ သည်းခံပြီး သင်ရလိမ့်မယ်"

"စိတ်ချပါဆရာ၊ 'မ' သင်ရိုးကျွတ်အောင်သင်မယ်၊ တစ်နေ့ကို နှစ်နာရီ၊ သုံးနာရီ အချိန်ပေးနိုင်ပါတယ်"

ကိုဘခက်သည် 'မ' ၏ အနုပညာဝါသနာကြီးပုံကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိသည်။

ထိုအတွင်း မော်သည် ခုန်ပေါက်၍ ဝင်လာသည်။ ပါးစပ်မှလည်း အရှုးချေးပန်း သီချင်းတစ်ပုဒ်ကို ဆိုလိုက်သေးသည်။ သို့ဆိုရင်း တင်ကလေးကို ဘယ်ညာလှုပ်၍ ကဟန်ပြုလိုက်သည်။ ပြီးမှ 'မ' အနားသို့ ဝင်၍ရပ်လိုက်သည်။

"ဟေး ... 'မ' က စောင်းစသင်နေပြီလား၊ မော်တို့တော့ စောင်းကို မသင်ချင်ဘူးဆရာ ... မော့်ကို စန္ဒရားသင်ပေးပါ ဆရာနော်။ ပက်ဘွန်းဆိုတဲ့ သီချင်းတွေနဲ့ ရွှေမန်းမေသီချင်း တီးတတ်ရင် တော်ပြီဆရာ။ ဆရာ့ကို ဘန်ကောက် လုံချည်တစ်ထည် ကန်တော့မယ်ဆရာ။ သင်ပေးပါနော် ဆရာ"

'မ' သည် မော့်အတွက်ကြောင့် ကိုဘခက်ကိုပင် အားနာမိသည်။ မော်သည် ကလေးဆိုးလေးတစ်ယောက်လို သူထင်ရာကို ပြောတတ်လေသည်။

"ဟဲ့ ... မော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ စသင်တယ်ဆိုတာ ထံတျာတေရှင်က သင်ရတယ်။ နောက် ... တီးတတ်တော့မှ ကိုယ်တီးချင်ရာ တီးရတယ်။ နားလည်းမလည်ဘူး။ လျှောက်ပြောနေတာပဲ"

"အံမယ် ... 'မ'ကလည်း မော်မသိဘဲနေပါ့မလား။ ဒီသီချင်းတွေတော့ မော်မသင်ချင်ဘူး။ ဒလုတို့ ... ဒလုပ်တို့ .... ဘာတွေမှန်းမသိဘူး ရှုပ်ပါတယ်"

'မ'သည် သူ့ညီမအတွက် ကိုဘခက်ကို တောင်းပန်လိုက်ရှာသည်။ ကိုဘခက်ကမူ မော့်ကို ကလေးငယ်ကဲ့သို့ ခွင့်လွှတ်သည်။

"ဆရာ ... ဒီကောင်မလေး ဒီလိုပဲ ပြောချင်ရာစွတ်ပြောနေတာပဲ။ သူ့ကို ဖွဲ့ယူလို့တော့မရဘူး ဆရာ"

ကိုဘခက်သည် မော့်ကိုသာ စိုက်၍ ကြည့်နေသည်။ မော်သည် ကြောင်အမ်းအမ်းဖြင့် ကိုဘခက်နှင့် 'မ'ကိုသာ တစ်လှည့်စီကြည့်နေလိုက်သည်။

"မော် ... ဒီသီချင်းတွေကို တီးချင်ရင် သုံးလသည်းခံရမယ် ကြားလား။ ဘယ်ပညာမဆို အခြေခံတော့ တတ်ရတယ်။ နောက်မှ ကိုယ်လုပ်ချင်ရာကို လုပ်နိုင်တယ်။ အင်္ဂလိပ်စာအခြေခံမှမတတ်ဘဲ ရှိတ်စပီးယားပြဇာတ်ကို ဖတ်ချင်လို့ ဖြစ်မလား။ ဒီလိုပဲ ဘယ်ပညာပဲဖြစ်ဖြစ် အခြေခံကလေးကိုတော့ သည်းခံပြီး သင်ရတယ်မဟုတ်လား"

မော်သည် ကိုဘခက်၏စကားကို လက်မခံချင်သော်လည်း ဘာမှပြန်၍ မပြောနိုင်တော့ချေ။ အလိုမတူသော ကလေးငယ်ကဲ့သို့ ခေါင်းကို ငုံ့ထားလိုက်သည်။

"ဟုတ်တာပေါ့ မော်ရဲ့၊ မော်တီးချင်တဲ့ သီချင်းတွေလည်း ဆရာသင်ပေးမှာပေါ့။ ဒါပေမဲ့ အခြေခံလေးရအောင်တော့ သင်ရဦးမှာပေါ့။ ဒါမှ ဟိုသီချင်းတွေကို လွယ်လွယ်နဲ့ တီးတတ်မယ်"

'မ' က မော့်ကို ချော့၍ပြောလိုက်သည်။ မော်က စူအောင့်နေသော မျက်နှာကလေးကို ပြင်လိုက်ရင်း ခေါင်းကို အသာညိတ်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

"ခက်တာနဲ့ လွယ်တာ ဘယ်ဟာက တန်ဖိုးရှိလဲ။ ဥစ္စာပစ္စည်းပဲဖြစ်ဖြစ်၊ အတတ်ပညာပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အဘက်ဘက်က ခက်တယ်။ လွယ်လွယ်နဲ့ရရင် ဘယ်တော့မှ တန်ဖိုးမရှိဘူး။ အဲသလို မှန်ကန်တဲ့ ကျော်စောမှုနဲ့ အောင်မြင်မှုကိုလိုချင်ရင် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာပဲ။ ဒီတော့ ကျုပ်အနေနဲ့ ခက်တယ်ဆိုတာကို တန်ဖိုးထားတယ်။ အခက်အခဲနဲ့လည်း ရင်ဆိုင်ချင်တယ်"
'မ' သည် ဘာမျှဆက်မပြောနိုင်တော့ချေ။ လုံးလုံးအလျှော့ပေးရမလို ရှိတော့သည်။ အမှန်၌လည်း ရုတ်တရက်အားဖြင့် ကိုဘခက်ပြောသောစကားများသည် ခံပြင်းစရာကောင်းလှသော်လည်း ပြန်တွေးလျှင် . . .

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူမည့် (၈၀/၁၀၀) ကတ္တရာ (၂၂၃.၀၈၅)တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စတိုအရောက်ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၁၂-၉-၂၀၂၂)မှ (၂၆-၉-၂၀၂၂)ရက်နေ့အထိ (ရုံးချိန်အတွင်း)

တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ ရက်/အချိန် - (၂၆-၉-၂၀၂၂) ရက်နေ့ (ရုံးချိန်အတွင်း)

တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။

တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ ကတ္တရာဈေးနှုန်းအရ တန်အရေအတွက် ပြောင်းလဲမှုရှိနိုင်ပါသည်။

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း (၀၈၁-၂၁၂၃၉၁၅)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကွဲကူးကျေးရွာအုပ်စု၊ ချမ်းသာကုန်းကျေးရွာ၊ ကွင်းအမှတ်(၁၅၈)၊ ကွင်းအမည်-မြောက်လုပ်ကုန်း(တ)၊ ဦးပိုင်အမှတ် (N/၃၁)၊ ဦးသန်းဇော်လင်းအမည်ဖြင့်ထွက်ရှိထားသည့် မြေဧရိယာ (၁. ၀၀)ကေမှ တရားဝင်မခွဲမစိတ်ရသေးသော ဧရိယာ (၀. ၃၈)ကေရှိ ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်အား မြေအမည်ပေါက်ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်လတ်သူက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ထက်ထက်ဦးမြင့် LL.B., D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၆၅/၂၀၁၄)
အမှတ် - ၅၀၊ အခန်း (A-18)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၆၉၂၃၊ ၀၉ ၉၅၆၉၉၄၄၅၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ဈေးကြီးရပ်ကွက်၊ ဈေးလမ်း(အရှေ့ပိုင်း)။ အမှတ်(၃၆၅)နေ ဦးမင်းဇော်ဦး [၇/ကဝန(နိုင်)၀၈၅၆၄၂]၊ ဒေါ်ဝေဝေဝင်း [၇/ကဝန(နိုင်)၀၈၅၆၄၄]တို့၏သားဖြစ်သူ မောင်ဟိန်းထက်အောင်သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ဟိန်းထက်အောင်နှင့် ပတ်သက်သည့် ကိစ္စအဝဝအား ဦးမင်းဇော်ဦးနှင့် ဒေါ်ဝေဝေဝင်းတို့ မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဖခင်- ဦးမင်းဇော်ဦး၊ မိခင်- ဒေါ်ဝေဝေဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၁)၊ မြေကွက်အမှတ် (၂၇၄)ဟုခေါ်တွင်သော ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ဦးတင်ရွှေ(LPN-049971) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်စိုး [၁၂/ဥကမ(နိုင်)၁၃၅၄၆၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယမုံဇော်(LL.B(Q), HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၉)၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၆၂၈)ဟု ခေါ်တွင်သော ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ဦးလှသောင်း [၁၂/မဂဒ(နိုင်)၀၁၄၇၂၂] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွဋ်မြတ်သူ [၁၂/မဂဒ(နိုင်)၁၅၈၆၂၈]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]**
**အထက်တန်းရှေ့နေ (စဉ်-၄၇၄၅၉)**
**ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅-D၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၇၅-က)၊ ဧရိယာ(၀.၀၂၉)ကေရှိ မြေအား မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၇)နေ ဒေါ်တင်ကြည် [၁၄/မအပ(နိုင်)၁၄၄၂၆၄]ထံမှ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၇)နေ ဦးထွန်းထွန်းဦး [၁၄/မအပ(နိုင်)၀၀၆၅၉၇]မှ ဂရန်မြေနှင့် အဆောက်အဦအရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဝယ်ယူ၍ မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ ဂရန်မြေနှင့် အဆောက်အဦအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅-D၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၇၅-ခ)၊ ဧရိယာ (၀.၀၂၈)ကေရှိ မြေအား မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၇)နေ ဒေါ်တင်ကြည် [၁၄/မအပ(နိုင်)၁၄၄၂၆၄]ထံမှ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၇)နေ ဒေါ်သန်းသန်းဝင်း [၁၄/မအပ(နိုင်)၀၀၆၆၃၆]မှ ဂရန်မြေနှင့်အဆောက်အဦအရောင်းအဝယ် စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့်ဝယ်ယူ၍ မြေငှားဂရန် ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ ဂရန်မြေနှင့် အဆောက်အဦအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၃၀၄)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးဆန်းမြင့် [၁၂/ကမတ(နိုင်)၀၀၈၇၄၈]သည် (၂၂-၆-၂၀၁၉)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်ကြိုင် [၁၂/ကမတ(နိုင်)၀၀၈၇၇၁]သည်လည်း အသီးသီး ကွယ်လွန်သွားကြပြီဖြစ်သဖြင့် မိခင် ဖခင်တို့မှ မွေးဖွားသည့် သားသမီး (၃)ဦးဖြစ်သည့် ဒေါ်မိုးသီတာ[၁၂/ကမတ(နိုင်)၀၅၃၁၆၁]၊ ဦးသန်းထိုက်ဦး [၁၂/ကမတ(နိုင်)၀၆၂၄၄၈]၊ ဒေါ်ဝေဝေမွန် [၁၂/ကမတ(နိုင်)၀၇၀၃၃၉]တို့မှ ဦးဆန်းမြင့်၏ ညီမအရင်းဖြစ်သူ ဒေါ်ကြီးမြင့်(ခ)ဒေါ်ကြည်မြင့် [၁၂/ကမတ(နိုင်)၀၀၈၇၆၃] သို့ မေတ္တာဖြင့် လွှဲပြောင်းပေးအပ်ခြင်းကို ရရှိပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယုဝတီ-၂ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ ဦးအေးကို အမည်ပေါက်ဖြစ်သော နှစ်(၆၀)မြေငှားဂရန်ဖြစ်သည့် မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ မြေကွက်အမှတ်- ၄၈၇/ခ ဟုခေါ်တွင်သော ခြေရင်းဘက်အခြမ်း၊ မြေအကျယ် (အလျား- ၂၀ပေx အနံ- ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ယဉ်ထွန်း [၁၂/ကမတ(နိုင်)၀၄၈၇၉၁]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ယဉ်မင်းဝင်း LL.B, DBL, DML, 101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၄၁၈**
**အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၄၂၄၈၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ လားရှိုးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၉၀၊ မြေကွက်အမှတ်-၆၁၂၊ ဧရိယာ ၀.၀၅၅ ဧကာ၊ မြေအကျယ် (အလျား ၄၀'xအနံ ၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားဖြစ်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမိုးဟိန်းနိုင် [၁၂/ဥကတ(နိုင်)၁၅၂၃၇၀] အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် ရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ယဉ်မင်းဝင်း – LL.B, DBL, DML, 101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၄၁၈**
**အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၄၂၄၈၉၇**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ (၃၇)လမ်း၊ (၇၈)လမ်းနှင့် (၇၉)လမ်းကြား၊ အမှတ် (၆/၇)တွင် ဖွင့်လှစ်ထားသော **NZ PURE COMPANY LIMITED** သည် (၇-၉-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေအတွက် ၅၀၀၀ (တန်ဖိုး ကျပ်သိန်း ၅၀၀၀)မှ အစုရှယ်ယာအရေအတွက် ၁၀၀ (တန်ဖိုးကျပ်သိန်း ၁၀၀)သို့ အစုရှယ်ယာအရေအတွက် လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်ထွေး [၁/ကမန(နိုင်)၀၀၈၃၀၆]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၆၁၈၈၄၉၇၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ငွါးချယ်ဒူး [၁/ပတအ(နိုင်)၀၄၈၀၄၄]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၆၈၅၈၄၅၄၈၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ရန်နမ်းချန်ဆားရ် [၁/ပတအ(နိုင်)၀၅၁၈၄၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၂၄၅၁၅၀၅**

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ်(၃၄၈)၊ ဧရိယာ (၀.၀၅၅)ကေ၊ မြေကွက်တည်နေရာအမှတ်- ၃၄၈၊ ဗိုလ်မင်းရောင်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ဘီဘီ [၁၂/သကတ(နိုင်)၁၁၆၆၂၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ အမည်ပေါက်ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ်အမှတ်-သကတ/၃(ရန်)- ၁၅၅၉/၉၃ (၆-၁၂-၁၉၉၃)ဖြင့် မူလကထုတ်ပေးခဲ့သည့် ဒေါ်ဘီဘီ အမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၉၊ (ရွှေနံ့သာဘား လားသစ်ခွအထူးဇုန်)၊ မြေကွက်အမှတ် ၁၁၈၊ ဧရိယာ (၁.၄၂၄)ကေ၊ မြေကွက်တည်နေရာအမှတ် ၁၁၈၊ ရွှေနံ့သာဘားလား သစ်ခွစိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်လွှဲပြောင်းစာရင်းတွင် အမည်ပေါက် ဒေါ်ချယ်ရီထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးမျိုးချစ် [၉/မရမ (နိုင်) ၀၀၂၈၅၄]မှ ရွှေနံ့သာစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## "အမှတ် ၁၁၅၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ် နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ဦးထွန်းလှသိန်း နိုင်ငံသားအမှတ် [၁၂/ကမရ(နိုင်)၀၂၇၉၄၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

အမှတ်- ၁၁၅၊ တက္ကသိုလ် ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်၏ထက်ဝက် (အနောက်ဘက်)ခြမ်းမှာ ကျွန်ုပ်မိတ်ဆွေမိသားစုပိုင်ဆိုင်ပါသည်။ နေအိမ်၏ (အရှေ့ဘက်ခြမ်း)မှာ ဦးစည်သူအောင်ပိုင်ဆိုင်ပါသည်။

ထို့ကြောင့် ဦးစည်သူအောင် မှ ၎င်းပိုင်ဆိုင်သောနေရာအား ရောင်းချလျှင် ၎င်းပိုင်ဆိုင်သော အိမ်၏ အရှေ့ဘက်ခြမ်းကို ၎င်းစရိတ်ဖြင့် ဖြိုချပစ်ပြီး ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ကျန်နေအိမ်အခြမ်းအား တင့်တယ်သည့် အနေအထားဖြစ်အောင် ပြင်ဆင်ပေးရန်၊ ထိုသို့ ဖြိုချလိုက်သည့်အဆောက်အဦနေရာတွင် ခိုင်ခံ့သည့် အုတ်ခြံစည်းရိုးပြန်လည်ကာပေးရန်တို့ကို ကျွန်ုပ်မိတ်ဆွေသည် ဦးစည်သူအောင်အား ယခင်ကပင် ပြောကြားထားပြီးဖြစ်ပါသည်။

ထို့ကြောင့်အထက်ပါပြောကြားထားသည့်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ပေးခြင်းမပြုသမျှ ကာလပတ်လုံး မည့်သည့်အရောင်းအဝယ်ပြုလုပ်ခြင်းကိုမျှ ကျွန်ုပ်မိတ်ဆွေက လက်မခံ ကန့်ကွက်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)**
**အမှတ်-၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၅)လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၅-အီး)၊ မြေကွက်အမှတ်(၂၁)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အဦရှိ ပထမထပ်တိုက်ခန်း၊ ဧရိယာ(အလျား ၁၉ပေx အနံ ၄၃ပေ)ရှိသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်ညိုညိုဆန်း [၁၂/အလန(နိုင်)၀၀၇၇၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်အောင် [၆/ထဝန(နိုင်)၀၈၈၆၂၂]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမင်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၅)**
**တိုက်(၉၈)၊ ဗဟိုလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၃၁၆၁၂၅၅**

## အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ချွန်း(၂)လမ်း၊ အမှတ်(၇)နေ အဖ ဦးဝင်းမောင်၏သမီး မနုနုဌေး [၁၂/တမန(နိုင်)၀၂၀၇၆၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဟင်းငူအုပ်စု၊ ရွှေကာကျေးရွာ၊ အမှတ်(၈၇)နေ အဖ ဦးဆောင်းလေး၏သား ကိုကျောက်ခဲ [၉/စကတ(နိုင်)၀၈၉၈၂၅] ကိုင်ဆောင်သူနှင့် အထက်ဖော်ပြပါ ဦးဝင်းမောင်၏သမီး မနုနုဌေး တို့သည် လွန်ခဲ့သော (၂၀၁၀)ခုနှစ်တွင် အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းခဲ့ကြ၍ သမီး(၂)ဦးမွေးဖွားခဲ့ပြီး အကြီးမိန်းကလေးသည် အသက်(၁၂)နှစ်၊ အငယ်မိန်းကလေး မှာ အသက်(၁၀)နှစ်ရှိပြီးဖြစ်ပြီး ကိုကျောက်ခဲနှင့် မနုနုဌေးတို့မှာ ယနေ့တိုင် တရားဝင် လင်မယားအဖြစ် ရပ်တည်လျက်ရှိပြီး ကွာရှင်းပြတ်စဲရခြင်းမရှိသေးကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ ကိုကျောက်ခဲ နေထိုင်လျက်ရှိသော ကျောက်ကာကျေးရွာရှိ **"ရွှေယွန်း"**အမည်ရှိ ဆန်စက်အပါအဝင် တည်ရှိရာမြေကွက်တို့သည် လင်မယားနှစ်ဦးပိုင် ပစ္စည်းဖြစ်သည့်အတွက် မနုနုဌေး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့်အလွဲသုံးစားလုပ်ရပ်များ မပြုလုပ်ရန် တားမြစ်ကြေညာပါသည်။

**မနုနုဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဒင် (LL.B) (စဉ်-၇၃၃၁)**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်ဝေဝေလွင်(LL.B)(စဉ်-၄၆၈၉)** | **ဒေါ်အောင်ကျော်မ (LL.B)(စဉ်-၁၂၅၈၈)** |
| **D.L.P, WIPO(Switzerland)** | **D.L.P, WIPO(Switzerland)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၈၃)၊ ၃-လွှာ၊ အခန်း (၁၃/၃)၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၅၄၅၄၇၃၊ ၀၉-၅၄၀၂၇၇၄၊ ၀၉-၇၉၉၁၅၈၅၈၄**

## ကန့်ကွက်နိုင်ပါသည်။

